# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ) အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး နှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့ ဖတ်စရာ**


**ဂုဏ်ယူနွဲ့ပျော် အမျိုးသားအားကစားပွဲတော် ...** ဆောင်းပါး စာ ၁၀

**စုပေါင်းကာကွယ် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ်** ဆောင်းပါး စာ ၁၁

**ရွေးကောက်ခံသမ္မတ ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ်ထရူးဒိုတို့ အတူတကွပူးပေါင်းဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေး** နိုင်ငံတကာသတင်း စာ ၁၃






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

❐ *ရှေ့ဖုံးမှ*

ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အခမ်းအနားတက်ရောက်လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ်မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "စိန်ရတုမှသည်ရာထောင်ချီ" စာပေဆုနှင်းသဘင်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့် မြှင့်တင်မည်" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အင်းဝခေတ်မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်ကစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိ မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။

**လူသားများ၏ ခေတ်ကြေးမုံများ**

စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှု အနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့်ပုဂ္ဂိုလ်များ၊အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

**စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီ**

နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ် အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာ တိုးလှအား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**❖ စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာပင်ဖြစ်ကြောင်း၊ ထိုသို့ ကောင်းမွန်သည့်အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅) ကြိမ်မြောက်ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **“စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု”** ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”** ကို **“စာပေဗိမာန်ဆု”**၊ **“အနုပညာစာပေဆိုင်ရာဆု”**၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း အခါအားလျော်စွာ တိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ်(၁၉) မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

**ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်**

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ကောင်းမွန်သည့် လက်ရာစာမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရန်ရည်ရွယ်ပြီး **“စာပေဗိမာန်စာမူဆု”** ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်သက်တာလုံး စာအုပ်စာပေများအားထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် **“အမျိုးသားစာပေတစ်သက်တာဆု”** ကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများ ရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ စာရေးဆရာ ကြည်မင်းဝေ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ကလေးစာပေဆုရ ဆရာ ပုလောစိုးနံ့သာ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဆရာ ဒေါက်တာ တင်ထွန်းဦး အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ဆရာညိမ်းညို အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်ဒုတိယဆုရ ဆရာမ ရွှန်းညို(တာချီလိတ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဒုတိယဆုရ ဆရာ ဒေါက်တာကောင်းစံ အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

## ဂုဏ်ယူဝမ်းမြောက်

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက် တစ်နှစ်အရေအတွက် တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်နှစ်လျှင် (၁)ဦးသာ ချီးမြှင့်ပြီး နောက်ပိုင်းတွင် တစ်နှစ်ကို (၂) ဦး၊ (၃) ဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့်ကာလတွင် တစ်နှစ်လျှင် (၄) ဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး (၆) ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

## ကောင်းကျိုးများစွာရရှိနိုင်မည်

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့်ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏အားသည် အလွန်အရေးပါပြီး ကောင်းကျိုးများစွာ ရရှိနိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏ အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့် စာပေလောကအကျိုးကို ဖြည့်ဆည်းပေးမည့် **"စာဆိုဗိမာန်"** အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

## ချီးမြှင့်အပ်နှင်းလျက်ရှိ

စာအုပ်စာပေထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

## လူ့စွမ်းအားအရင်းအမြစ်များရှိရန်လို

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်း။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိုမှီးကြရမည်ဖြစ်ကြောင်း။

## ပြန်လည်ထုတ်ဝေသင့်

စာအုပ်စာပေဟူသည်မှာ မည်မျှပင်ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်ကထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန်အတွက် ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြားပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန် လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားချက်နှင့်အညီ တည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

**ဆက်လက်ပါဝင်ကူညီပေး**

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ် မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ် ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာကောင်းကျိုးသယ်ပိုး ဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ ဆရာမ အင်ကြင်းမေ အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေ ပထမဆုရ ဆရာ ကိုတိုး(ရန်ကင်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာ မင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာ တိုးလှ၊ စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)နှင့် စာပေပညာရှင်ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ *စာမျက်နှာ ၇ သို့*

❑ **မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ် မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော် ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလို၊ မျိုးဆက်သစ် ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက "စာပေစေတနာစာပေဆန္ဒ" ယိမ်းအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စာပေဂုဏ်ရောင်ထွန်းပြောင် တန်ဆောင်ဆီမီး" ကဇာတ်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအားကစားအဖွဲ့များထံသို့ အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာန အားကစားအဖွဲ့များထံသို့ အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားအသင်းခေါင်းဆောင်များနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အားကစားနည်းအလိုက် လေ့ကျင့်မှုနှင့် စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ အကောင်းဆုံးသည် ပထမဆောင်ပုဒ်အတိုင်း အားကစားအောင်နိုင်ရေး အမှာစကားပြောကြားပြီး အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်ကို အားကစားအောင်နိုင်ရေးအလံပေးအပ်ကာ အားကစားမောင်မယ်များအတွက် အာဟာရဖြည့်စွက်စာများပေးအပ်ရာ အားကစားနည်းအလိုက် အသင်းခေါင်းဆောင်များက လက်ခံရယူခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ပြေးခုန်ပစ်၊ ဂေါက်သီးစသည့် အားကစားနည်း ခြောက်မျိုးတွင် အားကစားအဖွဲ့ဝင် ၁၁၉ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## ကျောင်းကုန်းမြို့၌ အခြေခံစားသောက်ကုန် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ ဖြင့် ရောင်းချပေး

**ကျောင်းကုန်း ဒီဇင်ဘာ ၁**

ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကြက်မွေးမြူရေး ခြံပိုင်ရှင်များ ပူးပေါင်း၍ ယနေ့နံနက်က အမှတ်(၂)ရပ်ကွက် မြို့မဈေးကြီးအနီး၌ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ အခြေခံစားသောက်ကုန် ကြက်ဥရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ကြည်ကြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနတာဝန်ခံ ဦးတင်ကိုတို့က ကြီးကြပ်၍ ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

ဒေသခံပြည်သူများ စားဝတ်နေရေး သက်သာချောင်ချိစေရေးအတွက် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ ဖြင့် နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အင်းစိန်၌ လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်က အ.လ.က(၆) အနော်ရထာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်၊ ခရိုင်(ပြန်/ဆက်) ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရခြင်းအကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်သီထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် အင်းစိန်မြို့နယ် စာရေးဆရာအသင်းဝင်များ ဖြစ်ကြသည့် ရန်မိုးအောင်(အင်းစိန်)၊ စိန်ညိုမင်း(ထန်းတပင်)၊ မောင်ရွှေမန်း(အင်းစိန်)၊ ကိုကို(ကဗျာ-အင်းစိန်)နှင့် ဦးမျိုးဟန် (ရုပ်ရှင်) တို့က ကျောင်းသားလူငယ်များအတွက် ဗဟုသုတရဖွယ် စာပေအကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဆွေးနွေးပြောကြားကြပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ငါးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပိန္နဲကုန်းစာကြည့်တိုက်က စာအုပ်(၁၀၀)နှင့် ဦးဘိုကြည်က သုတ၊ ရသ၊ ဗဟုသုတရဖွယ် စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**



## သထုံမြို့နယ်၌ နဝမအကြိမ်မြောက် ပအိုဝ်းနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**သထုံ ဒီဇင်ဘာ ၁**

ပအိုဝ်းသက္ကရာဇ် ၂၇၁၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့၌ ကျရောက်သည့် နဝမအကြိမ်မြောက် ပအိုဝ်းနှစ်သစ်ကူးပွဲတော် အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသား ဗိမာန်တော်၌ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးဆောင်၍ ယနေ့ နံနက်က စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ နာယက၊ ဘီးလင်းမြို့နယ် ခဲမောက်စင်ကာပူကျောင်း ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒဝံသထံမှ နှစ်သစ်ကူးဩဝါဒစကား နာကြားကြပြီး ပအိုဝ်းသမိုင်းသုတေသီ ဦးခွန်ထွန်းရှိန်က ပအိုဝ်းအမျိုးသားတို့၏ နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာအသီးသီးမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့တို့က ယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ တက်ရောက်လာသူတို့က ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား အခမ်းအနား တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ် ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်း ကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် သီတဂူကျောင်းတိုက်ရှိ ဆရာတော်သံဃာတော်များနှင့် ရွှေတိဂုံစေတီတော်တို့သို့ သွားရောက်ကြည်ညိုဖူးမြော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေစကားဝိုင်း ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု အထိမ်းအမှတ် "စာပေဖြင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး" စာပေစကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) Ruby Hall ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ ဦးဆောင် ပါဝင်ဆွေးနွေးကြမည့် ဆုရ စာပေပညာရှင်ကြီးများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် သိပ္ပံနှင့် နည်းပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် စာပေကို ချစ်မြတ်နိုးကြသူများ တက်ရောက်ကြသည်။

ဦးစွာ စာရေးဆရာကြီး ဒေါက်တာ မောင်သင်း (မောင်သင်း-သပြေ)က စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းအား ရှင်းလင်းပြောကြား၍ တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် စာရေးဆရာမ မနှင်းဖွေးက လူငယ်ကဏ္ဍ တိုးတက်စေရေးအတွက် နေထိုင်ပြုမူရမည့် အကြောင်းအရာများ၊ အနာဂတ် ခေါင်းဆောင်များဖြစ်သည့် လူငယ်များအနေဖြင့် ပညာရည်ပြည့်ဝ၍ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန် လိုအပ်မှု၊ စာပေလေ့လာဖတ်ရှုခြင်းမှတစ်ဆင့် ရရှိသည့်အသိပညာ ဗဟုသုတများအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြန်လည် အသုံးချသင့်မှုများကိုလည်းကောင်း၊ စာရေးဆရာ ပါမောက္ခ ကိုကိုအောင်က ငယ်စဉ်ကပင်စာပေပညာရပ်ကိုစနစ်တကျ လေ့လာ ဆည်းပူးခဲ့မှုကြောင့် ထူးချွန်ထက်မြက်ပြီး ကမ္ဘာ့သိပ္ပံပညာရှင်များ၏ အကြောင်း၊ အဆိုပါပညာရှင်များ၏ စာပေလေ့လာခဲ့မှု ဗဟုသုတအကြောင်းအရာများ၊ သိပ္ပံပညာရပ်ဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုများကို လည်းကောင်း ဟောပြော ဆွေးနွေးကြသည်။

ယင်းနောက် စာရေးဆရာ ဒေါက်တာ တင်ဘုန်းကျော်က ယနေ့ခေတ် AI နည်းပညာနှင့် စာဖတ်ခြင်း ဆက်နွှယ်မှုများ၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိစေမည့် AI နည်းပညာ အတွေးအခေါ်များနှင့် အကျိုးကျေးဇူးများ၊ AI နည်းပညာ အသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ AI နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာ ဗဟုသုတများ၊ ယနေ့ခေတ်တွင် အသုံးများလာသည့် Social Platform မှတစ်ဆင့် ပညာရပ်များစွာ လေ့လာခြင်းအားဖြင့် လူငယ်များအတွက် ရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်းကောင်း၊ စာရေးဆရာ ပုလောစိုးနံ့သာက စာပေလေ့လာဖတ်ရှုခြင်းဖြင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ၊ တိုးတက်လာသည့်နည်းပညာ၊ ခေတ်နှင့်အညီ လေ့လာသင့်သည့် ပညာရပ် အကြောင်းအရာများ၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များ သိသင့်သိထိုက်သည့် နိုင်ငံသားကျင့်ဝတ်များနှင့် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများ၊ လူငယ်ဘဝတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရန် ပြုမူနေထိုင်ရမည့် နည်းလမ်းများနှင့် စိန်ခေါ်မှုများ၊ ထူးချွန်ထက်မြက်သည့် စွယ်စုံလူငယ်များ ဖြစ်စေရေးအတွက် ကြိုးစားဆောင်ရွက်ရမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်းကောင်း ဟောပြော ဆွေးနွေးကြသည်။

ယင်းနောက် စာပေပညာရှင်များ၏ ဟောပြောဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စာရေးဆရာကြီး ဒေါက်တာ မောင်သင်း (မောင်သင်း-သပြေ) က ပြန်လည်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာကြသူများက စာပေနှင့်လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာပေပညာရှင်ကြီးများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဟောပြောဆွေးနွေးခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေများ ဂါရဝပြု ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အမျိုးသားစာပေ ဆုပေးပွဲများကို ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပလာခဲ့ရာ ယနေ့တွင် (၇၅) ကြိမ်မြောက် စိန်ရတုပြည့်မြောက်ခဲ့ပြီး အဆိုပါ စိန်ရတု အထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ်အတွက်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်း အခမ်းအနားအပြင် ကျောင်းသားလူငယ်များအတွက် ရည်ရွယ်၍ စာပေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စာပေစကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အဆိုပါ စကားဝိုင်း ဆွေးနွေးပွဲမှတစ်ဆင့် အနာဂတ် နိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာကြမည့် ကျောင်းသားလူငယ်များအနေဖြင့် စာပေဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်လာခြင်းနှင့် စာပေလေ့လာ ဖတ်ရှုခြင်းမှတစ်ဆင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းအင်များဖြင့် အနာဂတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ SMEs ထုတ်ကုန်များပြပွဲ ကုန်သည်စက်မှုအသင်းချုပ်၌ ခင်းကျင်းပြသ



**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသပွဲကို ဒီဇင်ဘာ ၁ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပရာ နှစ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၁ ခုမှ ပြခန်းပေါင်း ၁၉ ခန်း ပါဝင်ပြသကြသည်။

အဆိုပါပြပွဲတွင် လူသုံးကုန်သားရေထည်ပစ္စည်းများ၊ ဆေးဝါးများ၊ အထည်အလိပ်များ၊ စားသောက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်ရတနာအထည်များ၊ သစ်ထွင်းလေဆာပန်းချီကားများ၊ မော်ဒန်ပရိဘောဂများ၊ မြန်မာ့လက်ဖက်အစစ်ကိုအသုံးပြုထားသည့် Collective mark ရရှိထားသည့် လက်ဖက်ထုတ်ကုန်များကို စိတ်ဝင်စားဖွယ်ပြသထားသည်။

မြန်မာစွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင်လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ပြသရောင်းချကြသည်။

ပြပွဲတွင် SMEs ထုတ်ကုန်များ မြှင့်တင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကိုပြုလုပ်ရာ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စီးပွားရေးပညာရှင်တို့က ပါဝင်ဆွေးနွေးကြပြီး ပြပွဲဖွင့်ပွဲသို့ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကာ ပြပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်သည်။

**မျိုးမင်းသူရ**

# ဂုဏ်ယူနှံ့ပျော် အမျိုးသားအားကစားပွဲတော် ...

**ရန်ကင်းကိုကိုလေး**

ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့်အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ခမ်းနားသိုက်မြိုက်စည်ကားစွာ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ အားကစားမောင်မယ်များသည် မိမိတို့ပြိုင်ပွဲဝင်ကြမည့် အားကစားကဏ္ဍအသီးသီးတွင် အနိုင်ယူဗိုလ်စွဲနိုင်ရန် စိတ်အားထက်သန်စွာ အားကြိုးမာန်တက် လေ့ကျင့်နေကြသည်ကို လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်တိုင်းအစိုးရအဖွဲ့အစည်းများက စနစ်တကျစခန်းသွင်းကာ လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းအားပေးနေကြသည်များကို လည်းကောင်း၊ ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၊ အားကစားအဖွဲ့အစည်းများ၊ နည်းပြဆရာ၊ ဆရာမများ၊ အနုပညာရှင်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများကို လည်းကောင်း နေ့စဉ်ထုတ်သတင်းစာများ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များတွင် ဖတ်ရှု၊ တွေ့မြင်နေရသည့် မြင်ကွင်းများသည် နိုင်ငံတော်အစိုးရက အားကစားလောကမြင့်မားတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေသည်ကို ထင်သာမြင်သာလျက်ရှိပါသည်။

အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ရန်ကုန်မြို့၌ပင် ကျင်းပခဲ့ပါသည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် အစိုးရဝန်ကြီးဌာနအသီးသီးက အားကစားမောင်မယ်များ ပါဝင်ကာ နေပြည်တော်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာတစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပြီး အားကစားကဏ္ဍတွင် ပြည်သူအားလုံးပါဝင်နိုင်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ အားကစားပြိုင်ပွဲအမျိုးမျိုးကို ရာသီအလိုက် ဖော်ဆောင်ပေးလျက်ရှိပြီး အစိုးရဝန်ကြီးဌာနအသီးသီးနှင့် တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း အားကစားပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပစေလျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလတွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်နိုင်သော လမ်းလျှောက်ပွဲများကို



ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူ လူငယ်များ၊ လူကြီးမိဘဘိုးဘွားများ တပျော်တပါး လမ်းလျှောက်ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပွဲတော်အဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ အရည်အသွေးမြင့်မြင့်၊ စနစ်တကျ အောင်မြင်အောင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ပြီး မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှုရှိမှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

တစ်ခေတ်တစ်ခါက မြန်မာ့အားကစားလောကတွင်သာမက အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပြည်ပဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ဂုဏ်ကိုဆောင်ကာ မြန်မာနိုင်ငံတော်အလံကို ထိပ်ဆုံးတွင် လွှင့်တင်ပြီး နိုင်ငံတော်သီချင်းကို သီဆိုလျက် ပြိုင်ဘက်အားကစားအဖွဲ့ဝင် နိုင်ငံအသီးသီးက မတ်တတ်ရပ်ကာ အလေးပြုရအောင် စွမ်းဆောင်နိုင်ခဲ့ကြသော မြန်မာအားကစားသမားကြီးများပေါ်ထွန်းကာ ရွှေရောင်လွှမ်းခဲ့သည်များကို အမှတ်ထင်ထင်ရှိလှပါသည်။

မြန်မာနှင့်အာရှ အလေးမချန်ပီယံ ဗိုလ်ကြီးထွန်းမောင်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်ကြသည့် မြန်မာနှင့် အရှေ့တောင်အာရှ (ဆီးဂိမ်း) ပြေးခုန်ပစ်ချန်ပီယံ ရွှေတံဆိပ်ဆုရှင်များလည်းဖြစ်ကြသော မီတုန်းနော်၊ ရှင်ဗွေခန်း၊ ဂရေစီကား၊ ခင်ခင်ထွေး၊ မခင်ပု၊ မေသူ၊ ဂျင်နီဖာတင်လေး၊ ကြက်တောင်ရိုက်အားကစားမယ် ခင်သန်းနွယ်၊ လက်ဝှေ့ချန်ပီယံဗိုလ်အေးကို၊ ရေကူးတင်မောင်နီ၊ သေနတ်ပစ်ကံဦး၊ ကျွမ်းဘားမြင့်အောင်၊ ဘောလုံးချန်ပီယံများဖြစ်ကြသော ဗိုလ်ကြီးဗဟာဒူး၊ ကိုကိုကြီး၊ လှဌေး၊ ဘပု၊ ခင်မောင်ထွန်း၊ (အခြားအခြားသော မြန်မာ့ဂုဏ်ဆောင်အားကစားမောင်မယ်များစွာ ကျန်ရှိနေပါသေးသည်) စသည့် မြန်မာနှင့် အရှေ့တောင်အာရှ၊ အာရှအားကစားလောကတွင် စွမ်းရည်မြင့်မားသော မြန်မာတိုင်းရင်းသား အားကစားလူရည်ချွန်များစွာ ပေါ်ထွန်းခဲ့သည်။

ယခုဆောင်းပါးကို ရေးနေစဉ်မှာပင် မော်လ်ဒိုက်စ်နိုင်ငံတွင် ကျင်းပလျက်ရှိသော (၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရဲထွန်းနောင်သည် အမျိုးသားကာယဗလပြိုင်ပွဲ (၇၅) ကီလိုတန်းတွင် နိုင်ငံတကာပြိုင်ဘက်များစွာကို ဖြတ်ကျော်ကာ ပထမဆုအဆင့် ကမ္ဘာ့ချန်ပီယံဆုရရှိကြောင်း သတင်းကို တွေ့မြင်လိုက်ရသဖြင့် လွန်စွာမှပင် ဝမ်းသာပီတိဖြစ်ကာ ရဲထွန်းနောင်ကို ဂုဏ်ပြုပါသည်။ **"ဂုဏ်ပြုပါသည် ရဲထွန်းနောင်"**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ပြည်ပအားကစားပြိုင်ပွဲများတွင် ထူးချွန်စွာ စွမ်းဆောင်ပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ဆွတ်ခူးရရှိသူများကို နိုင်ငံတော်အဆင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည့်အပြင် ယခင်အစိုးရများလက်ထက်က ထူးချွန်ခဲ့သော အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခဲ့သော အားကစားသမားဟောင်းကြီးများကိုလည်း ထိုက်ထိုက်တန်တန် နိုင်ငံတော်အဆင့်နှင့်အညီ ဂုဏ်ပြုပေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပတော့မည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဆုံတွေ့ကြကာ ချစ်ကြည်ရင်းနှီးခင်မင်စွာ၊ အားကစားစိတ်ဓာတ်ပြည့်ဝစွာ၊ အားကစားသမားကောင်းများ ပီသစွာနှင့် အားသွန်ခွန်စိုက် အပြိုင်အဆိုင် အားကစားစွမ်းရည်များ ယှဉ်ပြိုင်ကြပါတော့မည်။

အားကစား တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်သလို အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသားအရွယ် ငယ်စဉ်ကပင် ပညာရေးတွင်သာမက အားကစားတွင် စိတ်ပါဝင်စားမှုရှိအောင် သက်ဆိုင်ရာ မိဘဆရာများက ပူးပေါင်းဆောင်ရွက်ပေးရပါမည်။

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိနိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားမောင်မယ်များက အဆင်သင့်ပြင်ဆင်ပြီး ပြိုင်ပွဲများကျင်းပမည့်နေ့ရက်များကို စောင့်ကြိုနေကြသကဲ့သို့ အခမ်းအနားကြီး ခမ်းနားထည်ဝါစွာ နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့အသီးသီးကလည်း အားကြိုးမာန်တက် ပြင်ဆင်လျက်ရှိကြသည်။

အမျိုးသားအားကစားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပရာတွင် ပါဝင်သရုပ်ဖော်ကြမည့် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြသည့် နည်းတူ နိုင်ငံတော်အလံ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ကိုယ်စားပြုသည့်အလံများကို အားကစားပွဲတော် ဖွင့်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်းသို့ ဝေဟင်ယံမှ ရဟတ်ယာဉ်များနှင့် သယ်ဆောင်ဆင်းသက်ကြမည့် အဖွဲ့ကလည်း ကြိုးစားလေ့ကျင့်လျက်ရှိကြသည်။

နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးစီးသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက်ကိုယ်စားပြုပြီး စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းစသဖြင့် စီစဉ်ဆောင်ရွက် အားပေးကာ နိုင်ငံ့လက်ရွေးစင်များအဖြစ် စွမ်းရည်တိုးတက်လာအောင် ဆက်လက်ဆောင်ရွက်အားပေးသွားရန် စီစဉ်ဆောင်ရွက်ထားခြင်းများကလည်း အားကစားမောင်မယ်များ မျှော်မှန်းထားသည့် နိုင်ငံ့လက်ရွေးစင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။

ယခုကျင်းပသည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးသည် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲနှင့် *စာမျက်နှာ ၁၂ သို့*

**"အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်သလို အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသားအရွယ် ငယ်စဉ်ကပင် ပညာရေးတွင်သာမက အားကစားတွင် စိတ်ပါဝင်စားမှုရှိအောင် သက်ဆိုင်ရာမိဘဆရာများက ပူးပေါင်းဆောင်ရွက်ပေးရပါမည်"**

# စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်

— — — ကျော်နိုင်ဦး(ပတ်ဝန်းကျင်) — — —

**ပွင့်လင်းရာသီ ခြောက်သွေ့ကာလသို့ ရောက်ရှိလာပါပြီ။ တောမီးနှင့် အခြားမီးလောင်ကျွမ်းမှုများကြောင့် အန္တရာယ်ကြီးမားလှသော မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပွားလာနိုင်သည့်ကာလ ဖြစ်ပါသည်။ မီးခိုးမြူငွေ့များသည် တစ်နေရာမှ တခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံဆီသို့ လေတိုက်ခတ်မှုနှင့်အတူ အလွယ်တကူ ရွှေ့လျားပျံ့နှံ့ ရောက်ရှိနိုင်သည်။ လေထုညစ်ညမ်းမှုကို ဆိုးရွားစွာ ဖြစ်စေနိုင်သည်။ သက်ရှိ လူသားများ၊ အပင်နှင့်တိရစ္ဆာန်များအပေါ် အလွန်အန္တရာယ် ဖြစ်စေနိုင်ပါသည်။**



အိမ်နီးချင်းနိုင်ငံများ အချင်းချင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်စေနိုင်သည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံနိုင်ငံများတွင်သာမက အခြားကမ္ဘာ့နိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ ထို့ကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်ကို ကမ္ဘာပေါ်ရှိနိုင်ငံများသည် အလေးထား တားဆီးကာကွယ်နေကြပါသည်။ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသည် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရန် အရှိန်အဟုန်မြှင့်၍ လက်တွဲပူးပေါင်း ဆောင်ရွက်လာကြပါသည်။

### မီးခိုးမြူငွေ့

မီးခိုးမြူငွေ့ဆိုသည်မှာ လေထုအတွင်း၌ ဖုန်အမှုန့်များ၊ ရေခိုးရေငွေ့များ၊ အမှုန်အမွှားများ၊ အငွေ့ပြန်စေနိုင်သည့် အရာများနှင့် အခြားဓာတ်ငွေ့များ ပေါင်းစပ်ရောနှော ဖြစ်ပေါ်နေသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ မီးခိုးမြူငွေ့တွင် ပါဝင်သော အရာများမှာ အလွန်သေးငယ်သော အမှုန်အမွှားများ Parti–culate Matter ($PM_{2.5}$, $PM_{10}$)၊ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)၊ ကာဗွန်မိုနောက်ဆိုက်($CO$)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်($NO_2$)၊ ဆာလဖာဒိုင်အောက်ဆိုက်($SO_2$)၊ မြေပြင်အလွှာရှိ အိုဇုန်း(Ground Level $O_3$)နှင့် အခြားအဆိပ်ဓာတ်ငွေ့များ ဖြစ်ပါသည်။

### ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ

ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရန် တောခုတ်မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးငွေ့များ၊ ရိုးပြတ်များ/ကောက်ရိုးများကို မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ မြေသြဇာရရန် ရည်ရွယ်ချက်ဖြင့် စပါးခွံ၊ ပြောင်းရိုးစသည်တို့ကို မီးရှို့ရာမှ ထွက်ရှိလာသော မီးခိုးများ၊ မော်တော်ယာဉ်ဟောင်းများနှင့် စက်ရုံ/အလုပ်ရုံများမှ ထွက်ရှိလာသော မီးခိုးများ၊ ကျောက်မီးသွေးနှင့် ထင်းလောင်စာသုံးစွဲမှုများမှ ထွက်ရှိလာသော အခိုးအငွေ့များ၊ အမှိုက်ပုံကြီးများ မီးလောင်ခြင်းနှင့် စွန့်ပစ်အမှိုက်များကို မီးရှို့ရာမှ ထွက်ရှိလာသော အခိုးအငွေ့များ၊ သစ်တောများအတွင်း မဆင်မခြင်မီးသုံးစွဲမှု (သို့မဟုတ်) သဘာဝအလျောက်တောမီးလောင်ကျွမ်းမှုမှ ထွက်ရှိလာသော အခိုးအငွေ့များ စသည်တို့သည်မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။

### ဆိုးကျိုးသက်ရောက်မှုများ

မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်တွင် လူ၊ အပင်နှင့် တိရစ္ဆာန်များ ကောင်းစွာအသက်ရှင်သန်နိုင်ရန် ခက်ခဲလှပါသည်။ မီးခိုးမြူငွေ့ ဖြစ်ပေါ်ချိန်တွင် နေအိမ်အတွင်း၌သာ နေထိုင်ကြရပြီး ကျောင်းများ၊ ရုံးများ၊ ဈေးများ ပိတ်ထားရသည့်အတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို များစွာ ထိခိုက်ရပါသည်။ တောမီးလောင်ကျွမ်းသည့်အခါ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပျောက်ဆုံးလာရပါသည်။ ထိုအခါ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ကာ သဘာဝဂေဟစနစ်ကို ထိခိုက်စေရုံသာမက စားနပ်ရိက္ခာများလည်း ရှားပါးလာမည်ဖြစ်ပါသည်။ ထို့အပြင် မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး ထိုမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက် အကျိုးသက်ရောက်စေပါသည်။ မီးခိုးမြူငွေ့တွင် ပါဝင်သည့် မျက်စိဖြင့်မမြင်နိုင်သော အမှုန်အမွှားများ ($PM_{2.5}$)သည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် သွေးကြောများအတွင်းထိ ရောက်ရှိပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့ရောက်ရှိနိုင်ပါသည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကျွန်ုပ်တို့လူသားများတွင် ကျရောက်စေနိုင်သောရောဂါများမှာ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုသည့် ဝေဒနာ၊ အရေပြားယားယံခြင်း၊ မွေးရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းသည့်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသည်းကင်ဆာနှင့် အခြားကင်ဆာရောဂါ၊ အာရုံကြော ထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ချို့ယွင်းခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် အသက်သေဆုံးခြင်းတို့အထိ ဖြစ်ပေါ်စေနိုင်ပါသည်။

### ကမ္ဘာ့မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာများ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း မီးခိုးမြူငွေ့များ အုံ့ဆိုင်းနေသဖြင့် အသက်ရှူရခက်ခဲနေခဲ့ကြရပြီး အိမ်အပြင်ထွက် အလုပ်လုပ်ကိုင်နိုင်မှုမရှိဘဲ ကျောင်းများ၊ ဈေးများ ပိတ်ထားခဲ့ကြရပါသည်။ ဖြစ်ပေါ်ရသည့် အကြောင်းရင်းမှာ တောင်ယာမီးရှို့မှုများကြောင့်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ဗဟိုတရားရုံးချုပ်အနေဖြင့် တောင်ယာမီးရှို့မှုများကို ဥပဒေအရ အရေးယူမှုများ လုပ်ဆောင်ခဲ့ကြရပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တောင်ယာလုပ်ငန်းများနှင့် တောမီးလောင်ကျွမ်းမှုများကြောင့် ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့များကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လာသည့်အတွက် စာသင်ကျောင်းများ ပိတ်ထားရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရဖူးပါသည်။ ဩစတြေးလျနိုင်ငံတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ လောင်ကျွမ်းခဲ့သော တောမီးကြောင့် အဆိုပါနိုင်ငံ၌သာမက အိမ်နီးချင်းနိုင်ငံများ၏ လေထုအရည်အသွေးများ ကျဆင်းလာပြီး ရောဂါဘယဖြစ်ပွားမှုများနှင့် လူ့အသက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါတောမီးကြောင့် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငှက်များ စသည့် တောရိုင်းတိရစ္ဆာန် အကောင်ရေ သုံးဘီလီယံခန့် သေဆုံးခဲ့ကြရပါသည်။

### မီးလောင်ကျွမ်းမှုဖြစ်စဉ်များ

တောမီးနှင့် မီးခိုးမြူငွေ့များကို စောင့်ကြည့်အကဲဖြတ်ရန် အာဆီယံဒေသတွင်းဗဟိုဌာနအဖြစ် ASEAN Specialised Meterological Centre (ASMC)ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အာဆီယံဒေသတွင်း နိုင်ငံများအတွင်း မီးလောင်ကျွမ်းမှုဖြစ်စဉ်များကို အဆိုပါ ASMC ၏ Website မှတစ်ဆင့် စောင့်ကြည့်၍ ပုံမှန်သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှုသည် သစ်တောဧရိယာများအတွင်း၌သာမက စိုက်ပျိုးမြေများနှင့် မြို့၊ ရွာ၊ ကျေးလက်များတွင်လည်း ဖြစ်ပေါ်တွေ့ရှိရသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအပါအဝင် သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များအရေအတွက် လျှော့ချရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ နယ်စပ်ဒေသများတွင် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ပိုမိုများပြားလာပါက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် မီးလောင်ကျွမ်းမှုဖြစ်စဉ်များဖြစ်ပေါ်မှု အရေအတွက်လျော့နည်းစေရန် အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံ မီးခိုးမြူငွေ့ ညစ်ညမ်းမှု အခြေအနေ

ဂြိုဟ်တု သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့များသည် ပွင့်လင်းရာသီကာလဖြစ်သည့် နိုဝင်ဘာလတွင် စတင်ဖြစ်ပေါ်လေ့ရှိပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။ မြန်မာနိုင်ငံ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော အမှိုက်များ၊ ရိုးပြတ်များနှင့် စပါးခွံများ စသည်တို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် တောင်ယာစိုက်ပျိုးရန် တောခုတ်၊ မီးရှို့ခြင်းများကြောင့် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ပွင့်လင်းကာလအတွင်း၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ပေါ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူငွေ့များပြားလာပြီး မြို့သူမြို့သားများသည် မျက်စိစပ်ခြင်း၊ ယားယံခြင်း စသည့် မီးခိုးမြူငွေ့၏ လက္ခဏာများ ခံစားခဲ့ရဖူးပါသည်။ မြန်မာနိုင်ငံ၏ နှစ်အလိုက် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှုအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ၅၆၄၁၉ ခု၊ ၂၀၂၁ ခုနှစ်တွင် ၅၄၀၁၀၊ ၂၀၂၂ ခုနှစ်တွင် ၃၇၉၇၇ ခုနှင့် ၂၀၂၃ ခုနှစ်တွင် ၅၆၅၀၄ ခု ဖြစ်ပေါ်ခဲ့ပါသည်။ မဲခေါင်နိုင်ငံများတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှုအရေအတွက် အများဆုံးဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများအနက် ဧရိယာအကျယ်ပြန့်ဆုံးနိုင်ငံဖြစ်သဖြင့် နိုင်ငံဧရိယာအချိုးဖြင့် နှိုင်းယှဉ်တွက်ချက်ပါက မြန်မာနိုင်ငံ၏ မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှုအရေအတွက်မှာ အခြားနိုင်ငံများနှင့် တန်းတူအနေအထားသာဖြစ်ကြောင်း တွေ့ရှိရပါသည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ်က သဘောတူလက်မှတ်

*စာမျက်နှာ ၁၂ သို့*

❖ **မီးခိုးမြူငွေ့ ညစ်ညမ်းမှုကြောင့် ကျွန်ုပ်တို့လူသားများတွင် ကျရောက်စေနိုင်သော ရောဂါများမှာ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုသည့် ဝေဒနာ၊ အရေပြားယားယံခြင်း၊ မွေးရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းသည့်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသည်းကင်ဆာနှင့် အခြားကင်ဆာရောဂါ၊ အာရုံကြော ထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ချို့ယွင်းခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် အသက်သေဆုံး ခြင်းတို့အထိ ဖြစ်ပေါ်စေနိုင်**

# တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် (၁၁) ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို (၁၁) ကြိမ်မြောက်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပသည်။

အဆိုပါ ဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရောင်နီဦးနှင့်မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်ကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များ အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက တိုင်းပြည်အတွက် အသက်ပေးလှူသွားသော



သူရဲကောင်းစစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း သူရဲကောင်းစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသည့်သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ကပ္ပခန်းမ၌ ကျင်းပသည်။ ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ထားဝယ်အမျိုးသားအလံတော်တို့ကို ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီမှ တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြသည်။

ထို့နောက် ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ (ဗဟို) နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒေါဘာသ(ရတနာထားဝယ်)အရှင်သူမြတ်က ဩဝါဒစကား မြွက်ကြားတော်မူသည်။

ယင်းနောက် ထားဝယ်တိုင်းရင်းသားစုစည်းမှုအဖွဲ့ (ရန်ကုန်) က ပေးပို့သော သဝဏ်လွှာကို ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်)စာရေးဆရာ ဦးတင်စိုးက ဖတ်ကြားသည်။



ထို့နောက် ထားဝယ်အမျိုးသားနေ့အခမ်းအနား ဖြစ်ပေါ်လာပုံအကြောင်းကို ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်) ဥက္ကဋ္ဌ ဦးညဏ်ဇော်က ရှင်းလင်းပြောကြားပြီး သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီ(ရန်ကုန်) ပန်းပုဆရာ ဦးကြည်စိန်လေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ထားဝယ်သူ ထားဝယ်သားများက ထားဝယ်ရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေကြပြီး အကအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**အောင်ကျော်(ပြန်/ဆက်)**



သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးဝင်းအတွင်းရှိ ဓာတ်တော်ဆေးကန်တော်မင်္ဂလာဝန်းကျင်၌ နိုဝင်ဘာ ၃၀ ရက်က သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

---

*စာမျက်နှာ ၁၀ မှ*

အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားမောင်မယ်များအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်၍ မိမိတို့ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအမျိုးအစားများတွင် အားသွန်ခွန်စိုက် ရေကုန်ရေခန်းကြိုးစား ယှဉ်ပြိုင်ကြပါတော့မည်။

အမျိုးသားအားကစားပွဲတော်ကြီး နိုင်ငံတော်အဆင့်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကလည်း လစ်ဟာမှုမရှိအောင် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြသည်။ အားကစားကိုချစ်မြတ်နိုးသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ကလည်း မိမိတို့ဝါသနာပါရာ နှစ်သက်ရာ အားကစားအမျိုးအစားအလိုက် စိတ်အားထက်သန်စွာ အားပေးရန် စောင့်မျှော်နေကြသည်။ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ရှုစားအားပေးရန် စောင့်မျှော်လျက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပေါ်ထွန်းလာမည့် မျိုးဆက်သစ်အားကစားကြယ်ပွင့်မောင်မယ်များ၊ အားကစားလူရည်ချွန်များကိုလည်း နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူပြည်သားများက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အားပေးကြိုဆိုနေကြမည်ဖြစ်ပါကြောင်း ကြိုတင်ကာ မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။ ။

---

*စာမျက်နှာ ၁၁ မှ*

ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ သဘောတူညီချက်အရ မြန်မာနိုင်ငံသည် တောမီးနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်လျှော့ချခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ မဲခေါင်ဒေသခွဲနိုင်ငံများတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ချင်းရိုင် ၂၀၁၇ လုပ်ငန်းစီမံချက် (Chiang Rai 2017 Plan of Action)ကို ချမှတ်ထားရှိပြီးဖြစ်ရာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှုအရေအတွက်ကို နှစ်အလိုက် လျှော့ချထိန်းချုပ်သွားကြရမည် ဖြစ်ပါသည်။

**တိုက်တွန်းနှိုးဆော်ချက်**

အန္တရာယ်ကြီးမားလှသော မီးခိုးမြူငွေ့ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အထများကို လျှော့ချဆောင်ရွက်ရမည် ဖြစ်ပါသည်။ တောင်ယာလုပ်ငန်းများ မဖြစ်မနေ လုပ်ဆောင်ရပါက တောင်ယာလုပ်ငန်းစတင်ချိန်တွင် ထိန်းချုပ်မီးရှို့စနစ်ကို ကြိုတင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ရိုးပြတ်များနှင့်ကောက်ရိုးများကို မီးရှို့မှုမပြုလုပ်စေရေးနှင့် သဘာဝမြေဩဇာပြုလုပ်ခြင်း နည်းပညာများကို လက်တွေ့ကျကျ မျှဝေဆောင်ရွက်သွားရပါမည်။ တောတောင်များအတွင်း မဆင်မခြင်အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း၊ တောမီးရှို့ခြင်း စသည်တို့ကို လုံးဝရှောင်ကြဉ်ရပါမည်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သစ်တောစိုက်ခင်းများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များ ထားရှိပြီး မီးတားလမ်းများ စနစ်တကျဖောက်လုပ်ထားရှိရပါမည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအထိ ကျယ်ပြန့်စွာ ဆောင်ရွက်ကြရပါမည်။ ထို့အပြင် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ အရေအတွက်ကို စောင့်ကြည့်ရန်နှင့် ထိန်းချုပ်လျှော့ချနိုင်ရန် ကြိုတင် စီမံဆောင်ရွက်ထားရပါမည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်တိုင်းတာ၍ သတင်းထုတ်ပြန်ပေးခြင်းများ ဆောင်ရွက်ကြရပါမည်။ ပြည်သူများအနေဖြင့် အမှိုက်များကို မီးမရှို့ကြရန်နှင့် စနစ်ကျစွာစွန့်ပစ်ကြရန်လည်း လိုအပ်ပါသည်။ တောမီးနှင့် အခြားမီးလောင်ကျွမ်းသည်ကို သိရှိပါက သက်ဆိုင်ရာကို တာဝန်သိသိဖြင့် အမြန်ဆုံး အကြောင်းကြားရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ ပြည်သူလူထုတစ်ရပ်လုံးသည် မီးခိုးမြူငွေ့ အန္တရာယ်ကို အထူးနားလည်သိရှိပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဌာနများနှင့် လက်တွဲ၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် စုပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော် တင်ပြအပ်ပါသည်။ ။

# ရွေးကောက်ခံသမ္မတ ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ်ထရူးဒိုတို့ အတူတကွပူးပေါင်းဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေး



ကနေဒါဝန်ကြီးချုပ် ထရူးဒိုနှင့် ရွေးကောက်ခံသမ္မတ ထရမ့်တို့ တွေ့ဆုံစဉ်။

**ဖလော်ရီဒါ ဒီဇင်ဘာ ၁**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုနှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အတူတကွပူးပေါင်းဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထရူးဒိုနှင့်တွေ့ဆုံဆွေးနွေးမှုမှာ အလွန်အကျိုးရှိသော ဆွေးနွေးမှုတစ်ခုဖြစ်ခဲ့ကြောင်း ထရမ့်က နိုဝင်ဘာ ၃၀ ရက်တွင် ဆိုရှယ်မီဒီယာတစ်ခု၌ ရေးသားထားသည်။ ထရမ့်နှင့် ထရူးဒိုတို့သည် ဒေါ်နယ်ထရမ့်နေထိုင်ရာ ဖလော်ရီဒါပြည်နယ်၌ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးမှုအကြောင်းအရာများတွင် ကနေဒါနှင့် အခြားသောနိုင်ငံများမှ အမေရိကန်နိုင်ငံအတွင်းသို့ တရားမဝင်မူးယစ်ဆေးဝါး မှောင်ခိုမှုများ ပါဝင်ကြောင်း ထရမ့်က ပြောသည်။ ယင်းမှာ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်း၏ အကျိုးရလဒ်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထရမ့်နှင့် ထရူးဒိုတို့သည် အမေရိကန်နှင့် ကနေဒါတို့ ကုန်သွယ်ရေးလိုင်ငွေပြမှုကိစ္စရပ်နှင့် ပတ်သက်ပြီးလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထရမ့်နှင့် အလွန်အကျိုးရှိသော ဆွေးနွေးမှုဖြစ်ခဲ့ကြောင်း တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ကနေဒါဝန်ကြီးချုပ်ထရူးဒိုက သတင်းထောက်များကို ပြောသည်။

ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးများသည် မက္ကဆီကိုနှင့် ကနေဒါတို့မှတစ်ဆင့် အမေရိကန်သို့ ရောက်ရှိလာသည်ဟုဆိုကာ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု ရပ်တန့်သွားသည်အထိ အဆိုပါနှစ်နိုင်ငံမှတင်သွင်းသော ထုတ်ကုန်ပစ္စည်းအားလုံး အပေါ် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်တွင် ထရမ့်က ထုတ်ပြန်ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**



## မလေးရှား၌ ရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာ လူပေါင်း ၁၄၀၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁**

မလေးရှားနိုင်ငံရှိ ပြည်နယ်အများအပြား၌ ရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာပြီး နိုဝင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် ည ၉ နာရီအထိ လူပေါင်း ၁၄၆၅၂၂ ဦးသည် အိုးအိမ်စွန့်ခွာခဲ့ရကာ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရကြောင်း သိရသည်။

ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံးခံရသည့် ပြည်နယ်များမှာ အရှေ့ဘက်ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် ကီလန်တန်နှင့် တယ်ရင်းဂါနူးပြည်နယ်တို့ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်များမှ လူပေါင်း ၁၃၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကီလန်တန် ပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် ရေဘေးကယ်ဆယ်ရေး စခန်းများဆီသို့ ကုန်းလမ်းမှသွားရန် မလွယ်ကူသည့်အတွက် အာဏာပိုင်များက ရဟတ်ယာဉ်များကို အသုံးပြုကာ အဆိုပါစခန်းများသို့ ထောက်ပံ့ကူညီရေး စားရေရိက္ခာများ ပို့ဆောင်ရကြောင်း ကီလန်တန်ရဲချုပ် မွတ်ယူဆွတ်ဖ် မာမတ်သ်က ပြောသည်။

နေအိမ်တွင် ခါတ်လိုက်သေဆုံးသူ တစ်ဦးအပါအဝင် လေးဦးသေဆုံးကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂါဇာတစ်ဝန်း အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၄ ဦးထက်မနည်း သေဆုံး

**ဂါဇာ ဒီဇင်ဘာ ၁**

ဂါဇာတစ်ဝန်း နိုဝင်ဘာ ၃၀ ရက်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် သတင်းထောက်တစ်ဦးနှင့် အရပ်ဘက်ကာကွယ်ရေး အရာရှိတစ်ဦး အပါအဝင် ၅၄ ဦးထက်မနည်းသေဆုံးကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်းယူနစ်တောင်ဘက် ဂျီဇန်အယ်-နက်ခ်ဂျာဒေသ၌ ဂျုံမှုန့်များ လက်ခံယူနေသည့်လူအုပ်နှင့် ယာဉ်တစ်စီးကို ပစ်မှတ်ထားကာ အစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ဆေးဘက်ဆိုင်ရာအဖွဲ့များက သေဆုံးသူ ၁၂ ဦး၏ ရုပ်အလောင်းများကိုတွေ့ရှိခဲ့ပြီး ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။

ထို့ပြင် ဂါဇာမြောက်ပိုင်း၌ ဘက်လာဟီယာမြို့ တဲအယ်-ဇာတာဒေသ၌ စစ်ဘေးရှောင်များ ခိုလှုံနေသည့် အယ် - အာရက်မိသားစုနေအိမ်ပေါ်သို့ အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် ပါလက်စတိုင်း ၄၀ ထက်မနည်းသေဆုံးခဲ့ကြောင်း၊ လူအမြောက်အမြားမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေဆဲဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေး အဖွဲ့က ထုတ်ပြန်ထားသည်။

အစ္စရေးက ဂျာဘာလီယာဒုက္ခသည်စခန်းရှိ လူနေအိမ်များကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် အရပ်ဘက်ကာကွယ်ရေး အဖွဲ့မှ အရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဂါဇာ၌ အစ္စရေးတို့၏ ဆက်လက်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၄၄၃၈၂ ဦး ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေး အာဏာပိုင်များက နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



## နီပေါနိုင်ငံ၌ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် မြေပြိုမှုဖြစ်ပွားသဖြင့် အလုပ်သမား ငါးဦးသေဆုံး

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁**

နီပေါနိုင်ငံ၌ ဒီဇင်ဘာ ၁ ရက်တွင် တံတားတည်ဆောက်ရေးလုပ်ငန်း၌ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားငါးဦး မြေပြိုမှုဖြစ်ပွားသဖြင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံအနောက်ပိုင်း ရိုပါခရိုင်၌ ကြိုးတံတားတစ်ခု တည်ဆောက်ရန်အတွက် ကျင်းတူးရန် အလုပ်သမားများ စုဝေးနေစဉ် မြေပြိုမှုဖြစ်ပွားခြင်း ဖြစ်ကြောင်းသိရသည်။

### နှစ်ဦးလွတ်မြောက်

ကျင်းတူးရန်စုဝေးနေသည့် အလုပ်သမားခုနစ်ဦးအနက် နှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာမှ လွတ်မြောက်ခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရိုဟစ်ကူမားရာဟီက ပြောကြားသည်။ မြေပြိုမှုကြောင့် သေဆုံးသူများ၏ ရုပ်အလောင်းများကို ဆယ်ယူခဲ့ပြီး ၎င်းတို့အားလုံးမှာ ကျေးရွာတစ်ရွာတည်းမှ ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

## ယီမင်ရှိ ဟူသီအုပ်စုက အစ္စရေးကို ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဆာနား ဒီဇင်ဘာ ၁**

ယီမင်ရှိ ဟူသီအုပ်စုက ဒီဇင်ဘာ ၁ ရက်တွင် အစ္စရေးသို့ ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ရာ အဓိကပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

### အသံထက်မြန် ဒုံးကျည်ဖြင့် တိုက်ခိုက်

၎င်းတို့သည် ဂျက်ဖာဒေသရှိ အရေးကြီးသည့် ပစ်မှတ်ကို အသံထက်မြန် ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ ယာ့ဟာဆာရီယာက ဟူသီပိုင် အယ်မက်စီရာ့ရုပ်သံတွင် ပြောကြားသည်။

ဒုံးကျည်မှာ မိမိတို့၏ ပစ်မှတ်ကို အောင်မြင်စွာ ထိမှန်ခဲ့ကြောင်း၊ ဟူသီအုပ်စုက ဂါဇာဒေသ၌ စစ်ပွဲများ ရပ်တန့်သည့်တိုင်အောင် တာဝေးပစ်ဒုံးကျည်များဖြင့် ထပ်မံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဆာရီယာက ကတိပြုပြောကြားသည်။

### ကြားဖြတ်ဟန့်တား

ယီမင်ဘက်မှ ပစ်လွှတ်လိုက်သည့် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အစ္စရေးလေပိုင်နက်ထဲ မရောက်မီ ကြားဖြတ်ဟန့်တားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း အစ္စရေးတပ်မတော်က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

### သင်္ဘောများကို တိုက်ခိုက်

အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေချိန်တွင် ဂါဇာ၌ ပါလက်စတိုင်းတို့နှင့် စည်းလုံးညီညွတ်မှုကို ပြသသည့်အနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစကာ ဟူသီအုပ်စုက ဒုံးကျည်နှင့် ဒရုန်းများဖြင့် အစ္စရေးကို တိုက်ခိုက်ခဲ့ပြီး ပင်လယ်နီ၌ အစ္စရေးနှင့် ဆက်စပ်သည့် သင်္ဘောများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (4) Unit (1) People around Us

- Verb to be: am/is/are
- Possessive adjectives: my, your, his, her
- Subject Pronouns – Plural nouns & Numbers

**Exercises (1)**

**Choose the correct one.**

1. Hello, what .......... your name?
   (A) is (B) are (C) am (D) be
2. My name is Lisa. .......... Lisa Peterson.
   (A) My am (B) I is (C) I am (D) I
3. .......... name is Apple. .......... Ann Apple.
   (A) His/She (B) His/ He's (C) Her/ She's (D) His/ His
4. Where .......... John from? .......... from the US."
   (A) is/ He's (B) is/ His (C) am/ He's (D) is/ She's
5. .......... are you from? Japan.
   (A) What (B) Who (C) Where (D) When
6. Where .......... you .......... ?
   (A) is/ from (B) are/ in (C) are / is (D) are/from
7. Lisa and Max are Americans. .......... from the U.S.A.
   (A) There (B) Their (C) They're (D) Their're
8. What .......... their ..........? "Alexander and Philip."
   (A) are/name (B) is/ name (C) is/ names (D) are/ names
9. I .......... 22 years old, but Andrew .......... 20.
   (A) am/ am (B) are/ am (C) am/ is (D) are/ are
10. Mark ......... 19, but Brian and Denis ......... 26 and 28.
    (A) is/ are (B) are/ is (C) are/ are (D) am/ are
11. What .......... this? It's .......... umbrella.
    (A) are/ a (B) is/ a (C) is/ an (D) its/ an
12. Where .......... she from? She .......... from Japan.
    (A) are/ is (B) is/ is (C) is/ am (D) are/ are
13. This .......... my friend. .......... name's Richard.
    (A) are/ His (B) is/ My (C) is/ His (D) his/ His
14. They .......... Lisa and Max. They .......... from the USA.
    (A) is/ is (B) are/ is (C) are/ are (D) is/ is
15. What is .......... name? My name's Carlos.
    (A) his (B) her (C) your (D) my

**Answer Keys**

1. A 2. C 3. C 4. A 5. C 6. D 7. C 8. D
9. C 10. A 11. C 12. B 13. C 14. C 15. A

**Exercises: (2) Find the opposite adjective.**

1. easy -(A) cold(B) cheap(C) different(D) difficult
2. lovely -(A) old(B) expensive(C) horrible(D) quick
3. fast -(A) slow(B) small(C) quick(D) warm
4. expensive - (A) big(B) cheap(C) cold(D) hot
5. hot -(A) cold(B) new(C) warm(D) small
6. big -(A) high(B) small(C) tall(D) slow
7. young -(A) old(B) big(C) small(D) quick

**Answer Keys**

1. D 2. C 3. A 4. B 5. A 6. B 7. A

**Exercises (3) : Fill in the blanks with the correct adjective from the list.**

| | | | | |
|---|---|---|---|---|
| short | slim | tall | plump | curly |
| straight | long | helpful | black | grey |

1. She has .......... hair that falls past her shoulders.
2. The cat has .......... fur that is so soft.
3. My friend is very ..........; she always helps me with my homework.
4. He is very .......... and can reach the top shelf easily.
5. She is .......... because she exercises regularly.
6. The little girl has .......... hair that bounces when she walks.
7. My grandma's hair has turned .......... over the years.
8. He is quite .......... and can easily fit into small spaces.
9. The woman has a .......... figure and weighs 160 lb.
10. His hair is naturally .........., so he doesn't need to straighten it.

**Answer Keys**

1. long 2. black 3. helpful 4. tall
5. slim 6. curly 7. grey 8. small
9. plump 10. straight

**Exercises 4 : Fill in the gaps with has, have, does not have, or do not have:**

1. She .......... a pet dog named Max.
2. I .......... any money with me right now.
3. He .......... many friends in his new school.
4. They .......... a big house in the city.
5. We .......... enough time to finish the project.
6. My sister .......... a lot of books on her shelf.
7. The company .......... enough resources for the project.
8. You .......... a very nice handwriting.
9. Most children .......... many school uniforms.
10. She .......... a brother, but she .......... a sister.

**Answer Keys**

1. has 2. do not have 3. does not have
4. have 5. do not have 6. has
7. does not have 8. have
9. do not have 10. has, does not have

## Grade (5) Unit (1) Everyday English

**Present Simple Tense (Verb to be)**

**Present simple of verb to be**

| | | |
|---|---|---|
| **Positive** | **full form** | **short form** |
| Singular | I am | I'm |
| | You are | You're |
| | He/she/it is | He's/She's/It's |
| Plural | We are | We're |
| | You are | You're |
| | They are | They're |
| **Negative** | **full form** | **short form** |
| Singular | I am not | I'm not |
| | You are not | You aren't |
| | He/She/It is not | He/She/It isn't |
| Plural | We are not | We aren't |
| | You are not | You aren't |
| | They are not | They aren't |

**Exercises 1**

**1. Put full forms of verb to be in the gaps.**

1. I .......... a student from Myanmar.
2. My parents .......... (not) rich.
3. My father .......... a teacher.
4. My mother .......... (not) an American.
5. She .......... from Mandalay.
6. I .......... 12 years old.
7. My little brother .......... two.
8. My older brothers .......... (not) students.

**Answer Keys**

1. am 2. are 3. is 4. is not 5. is 6. am 7. is 8. are not

**2. Choose the words from the box to put in the gaps.**

| | | | |
|---|---|---|---|
| He's | She's | They're | It's |
| are | is | We | isn't |

1. My parents live in Pathen. .......... are teachers.
2. New York .......... in Myanmar. .......... in America.
3. Paul .......... from Germany. .......... German.
4. My sister .......... a doctor. .......... thirty years old.
5. .......... six o'clock! .......... are late.
6. .......... very cold today. Let's stay at home.
7. Look at the time! Chris and Mary .......... late.

**Answer Keys**

1. They're 2. isn't, it's 3. is, He's 4. is, She's
5. It's, We 6. It's, 7. are

**Present Simple (Am I..........? Are you ..........?)**

1. **We use be:**

A. to talk about how we feel (ခံစားချက်ကိုပြောရင်သုံး)
e.g I'm happy. They're sad.
B. to say hello (နှုတ်ဆက်ရင်သုံး)
e.g Hello, How are you?
C. to apologize (တောင်းပန်ရင်သုံး)
e.g I'm sorry. I'm late.
D. to describe things (အရာဝတ္ထုတွေကိုဖော်ပြရင်သုံး)
e.g It is an old film. These photos are bad.

2. **We often use there+be (e.g there is, there are) to talk about where things are.**
(အရာဝတ္ထုတွေ ဘယ်မှာရှိတယ်ဆိုတာကို ဖော်ပြရင်သုံး)

Singular There is a supermarket in this street.
Plural There are some good cafes in the town.

**3. Question forms**

| | | | |
|---|---|---|---|
| **Singular :** | Am I late? | **Plural :** | Are we late? |
| | Are you late? | | Are you late? |
| | Is he/she/it? | | Are they late? |

**Exercises**

1. **Write questions by putting words in brackets in the correct order.**

1. (thirty-you-are) 2. (a teacher-you-are)
3. (they-bored- are) 4. (is-afraid-he)
5. (she-tired-is) 6. (are-you-how)
7. (cold today-it-is) 8. (she-Spanish-is)
9. (they-from London-are) 10. (to go-time-it-is-home)

**Answer Keys**

1. Are you thirty? 2. Are you a teacher?
3. Are they bored? 4. Is he afraid? 5. Is she tired?
6. How are you? 7. Is it cold today? 8. Is she Spanish?
9. Are they from London? 10. Is it time to go home?

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ Lumbini Buddhist University ၌ ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး လုမ္ဗိနီဥယျာဉ်ရှိ မြန်မာရွှေကျောင်းတော်နှင့် ကတ္တမန္ဒူးမြို့ရှိ ဘာသာရေးဆိုင်ရာနေရာများသွားရောက်

**ကတ္တမန္ဒူး(နီပေါ) ဒီဇင်ဘာ ၁**

နီပေါနိုင်ငံ ဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် နီပေါနိုင်ငံသို့ ကြွရောက်လာသည့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီးသည် လုမ္ဗိနီတွင် သီတင်းသုံးနေစဉ် ကာလအတွင်း နိုဝင်ဘာ ၃၀ ရက်က လုမ္ဗိနီဥယျာဉ်အတွင်းရှိ မယ်တော်မာယာကျောင်းဝင်းအတွင်းသို့ သွားရောက်သည်။



ထို့နောက် မြန်မာအစိုးရနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းတည်ထားကိုးကွယ်သည့် မြန်မာရွှေကျောင်းတော်သို့သွားရောက်ပြီး မြန်မာရွှေကျောင်းပရိဝုဏ်အတွင်း ရွှေတိဂုံစေတီတော် ပုံတူတည်ထားကိုးကွယ်သည့် လောကမဏိစူဠာစေတီတော်ကို သွားရောက်ဖူးမြော်ကာ စေတီတော်ဝင်းအတွင်း ဆရာတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းတည်ဆောက်ထားသည့် အာသောက ကျောက်စာတိုင်များ ချို့ယွင်းနေမှုများအပေါ် ပြင်ဆင်ရန်ကိစ္စရပ်များနှင့် စေတီတော်ကြီးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များ၊ မြန်မာရွှေကျောင်းတော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ အရှည်တည်တံ့ရေးနှင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာတည်းခိုနိုင်ရေး ကိစ္စရပ်များစီစဉ်ထားရှိမှုများနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မိန့်ကြားသည်။

လောကမဏိစူဠာစေတီတော်သည် ၁၉၉၅ ခုနှစ် မေလတွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ မြန်မာနိုင်ငံ၏ ပထမဆုံး သာသနိကအဆောက်အဦအလှူအဖြစ် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ လှူဒါန်းမှုဖြင့် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်ပုံတူ၊ ဉာဏ်တော် ၇၂ ပေရှိသည့် စေတီတော်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် Thousands of Buddha Temple ဘုန်းတော်ကြီးကျောင်းသို့ပင့်ဖိတ်မှုအရ သွားရောက်ရာ Thousands of Buddha Temple ကျောင်းထိုင်ဆရာတော်၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများက ကြိုဆိုကြပြီး သီတဂူဆရာတော်ကြီးက ဓမ္မမိတ်ဆွေများအား ဝိပဿနာတရားတော်များ ဟောကြားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးသည် Lumbini Buddhist University ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (International Seminar on Exploring Gautam Buddha’s Teachings on Peacekeeping and Sustainable Development) သို့ တက်ရောက်ပြီး ငြိမ်းချမ်းရေး၏ အရေးကြီးပုံ၊ ငြိမ်းချမ်းရေးသည် တစ်ကမ္ဘာလုံးအတွက်အရေးကြီးသလို လူတစ်ဦးချင်းစီအတွက်ကလည်း ပိုမိုအရေးပါကြောင်း မိန့်ကြားခဲ့သည်။

ဒီဇင်ဘာ ၁ ရက်တွင် ဆရာတော်ကြီးနှင့် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ရရှိသူ သီလရှင်ဆရာကြီးဒေါ်ဓမ္မဝတီ (ခေါ်) သမီးချစ်တို့အား မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက သီတဂူ Dharma Kirti Vihar ကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာတွင် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက လိုက်ပါပို့ဆောင်ခဲ့ကြသည်။

သီတဂူဆရာတော်ကြီးသည် ကတ္တမန္ဒူးမြို့ရှိ World Peace Temple ကျောင်းတွင် သီတင်းသုံးနေသည့် သံဃာတော်များအတွက် သင်္ကန်းအစုံ ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုအိပ်ချ်အိုင်ဗွီပိုး ကာကွယ်ရေး လုပ်ငန်းအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မိခင်မှကလေးသို့ အိပ် ချ် အိုင် ဗွီပိုး ကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အားလုံးနှင့် ခုတင် (၂၀၀) အထက် ဆေးရုံကြီးသုံးရုံတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီပိုး ရှိသူများအတွက် ပြုစုကုသရေးလုပ်ငန်း၏ အဓိကဖြစ်သည့် အေအာတီဆေးပေးဝေမှုကို ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်တွင် လူနာပေါင်း ၁၂၈၇၆ ဦးအား အေအာတီဆေးပေးခန်းပေါင်း ၂၆ ခုဖြင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဆေးရုံကြီးများ၊ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် ကုသပေးလျက်ရှိကြောင်း၊ လူထုအတွင်း အိပ်ချ်အိုင်ဗွီရောဂါပိုးနှင့်ပတ်သက်၍ ခွဲခြားနှိမ့်ချဆက်ဆံမှုများ လျော့ကျစေရန် ကျန်းမာရေး ဝန်ထမ်းများကိုလည်းကောင်း၊ ပိုးရှိရှင်သန်သူများကို လည်းကောင်း၊ အလုပ်ရုံ၊ စက်ရုံများကိုလည်းကောင်း ဟောပြောပွဲများပြုလုပ်ခြင်း၊ သင်တန်းများပြုလုပ်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ပိုမို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထု တစ်ရပ်လုံးက ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်မှသာ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။ (ယာပုံ)



ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့(World AIDS Day) အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ဖတ်ကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများကပြသထားသည့် ကျန်းမာရေး ပညာပေးပြခန်းကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် သောင်တင်၍ ရေဝင်နစ်မြုပ်နေသော ငါးဖမ်းလှေတစ်စင်း တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင် ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်မှ ကူညီကယ်ဆယ်

**နေပြည်တော် ဒီဇင်ဘာ ၁**

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေး ရေပြင်ဧရိယာအတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော အမြန်သွား ကင်းလှည့်ရေယာဉ်မှ



လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်၌ ဖျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် ငါးဖမ်းလှေတစ်စင်း သောင်တင်၍ ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့်သွားရောက်ခဲ့ရာ ဖျာပုံမြို့မှ ရန်ကုန်သို့ထွက်ခွာလာသော မြမျိုးလွင်(၉) အမည်ရှိ လှေသား ၁၉ ဦးပါ တရွတ်ဆွဲငါးဖမ်းလှေသည် ရုတ်တရက်လှိုင်းလှေ ပြင်းထန်ကာ သောင်တင်မှုဖြစ်ခဲ့ခြင်းကြောင့် ရေယာဉ်ဝမ်းဗိုက်အတွင်း ရေဝင်မှုများဖြစ်ပေါ်ကာ လှေတစ်ဝက်မှာ နစ်မြုပ်နေသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရရှိသည့်လှေသားများအား စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစစ်ဆေး ကုသခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေး ဆောင်ရွက်ထားသည့် ငါးဖမ်းလှေမှ လှေသားများကို နိုဝင်ဘာလ ၃၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် လှေပိုင်ရှင်ဖြစ်သူထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## PDF Game
## ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ လုံခြုံရေးအရ ညှော့စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်အချို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ) တာလေ (၂၈) နှစ်နှင့် သီဟ(၄၄)နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ) ဘဦး(၃၀) နှစ်နှင့် မျိုးဦး(ခ)ဝေယံ(၃၁)နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင် (ခ) အရှည်ကြီး (၂၇)နှစ်နှင့် ဝင်းသက်အောင်(ခ) ဝင်းမင်းသန့်(၃၄)နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက် (ခ)ကုလား (၂၅)နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက်(၂၈)နှစ်တို့ ရှစ်ဦးအား ၎င်းတို့၏နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Alphard အမျိုးအစား အဖြူရောင် မော်တော်ယာဉ်တစ်စီး၊ M16 ပုံစံတူ (Air Gun) တစ်လက်၊ ပစ္စတိုသေနတ်အတို (Air Gun) တစ်လက်၊ ပြောက်ကျားဦးထုပ်တစ်လုံး၊ ပြောက်ကျားယူနီဖောင်း နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ) တာလေပါ ရှစ်ဦးတို့အား စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အငှားနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံနှစ်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်နှင့်လည်းကောင်း။

အောက်တိုဘာလအတွင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင် (ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ) ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး(ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ခြောက်ဦးက ဖုန်းမျိုးစုံခြောက်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ခုနစ်လုံးနှင့် ထိုင်းဘတ်ငွေ ၁၄၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ မိုးနှင်းလျှံ(ခ) ဘဦး၊ ဝင်းသက်အောင်(ခ) ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန်တရားခံမဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံ ငါးလုံးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ ခန့်အားလည်းကောင်း။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နိုဝင်ဘာလအတွင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင် (ခ) အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလားတို့ လေးဦးက ဖုန်းမျိုးစုံလေးလုံးနှင့် ထိုင်းဘတ်ငွေ ၁၂၀၀၀ ခန့်အားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများ ဝတ်ဆင်ပြီး M16 ပုံစံတူ (AirGun) တစ်လက်၊ ပစ္စတိုသေနတ်(AirGun) တစ်လက်နှင့် ဝင်းသက်အောင်ပိုင်ဆိုင်သည့် Alphard အဖြူရောင်မော်တော်ယာဉ်တို့အား အသုံးပြု၍ လုံခြုံရေးအရ ညှော့စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ထိုင်းဘတ်ငွေ ၇၃၀၀၀ တို့အား ငါးကြိမ်တိတိခြောက်လှန့်တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့်တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ) အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန်တရားခံမဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းများဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံခြောက်ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့် ငွေကြေးများအား သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ လုံခြုံရေးအရ ညှော့စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများအား ခြောက်လှန့်တောင်းယူခဲ့ကြသူ ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ရှစ်ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများအသီးသီးရေးဖွင့်ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံမဲကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအားသိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်း ပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများခြောက်လှန့်တောင်းယူခဲ့သည့် ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်စဉ် တရားခံများအသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

❂ *ကျောဖုံးမှ*

ပွဲကစားချိန်အတွင်း သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ဝက်စ်ဟမ်းအသင်းသည် သွင်းဂိုးရရှိရေး တရစပ် ထိုးဖောက်တိုက်စစ်ဆင်လာသော ပြိုင်ဘက်အာဆင်နယ်အသင်း၏ သွင်းဂိုးလေးဂိုးကို ပွဲကစားချိန် ၃၆ မိနစ်အတွင်း ခွင့်ပြုပေးခဲ့ရသည်။

ပွဲချိန် ၃၈ မိနစ်နှင့် မိနစ် ၄၀ တွင် ဝမ်ဘစ်ဆာကာနှင့် အီမာဆင်တို့က ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် အာဆင်နယ်အသင်းကသာ ဖိအားပေးကစားနိုင်ခဲ့ပြီး ပဉ္စမမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ယင်းသွင်းဂိုးကို ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် ဆာကာက သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးငါးဂိုးကို မတူညီသည့် ကစားသမားငါးဦးက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဝက်စ်ဟမ်းအသင်းရော အာဆင်နယ်အသင်းပါ လူစားပြောင်းလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်က ငါးဂိုး – နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်မတိုင်မီယှဉ်ပြိုင်ကစားခဲ့သည့် စပို့တင်းအသင်းနှင့် ပွဲစဉ်တွင်လည်း ပြိုင်ဘက်ကို ငါးဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

အာဆင်နယ် အသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၂၅ မှတ်ဖြင့်ဦးဆောင်သူ လီဗာပူးအသင်းကို အနီးကပ်ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ရမှတ် ၁၅ မှတ်ဖြင့် တန်းဆင့်ဇုန်အထက်တွင် ခြောက်မှတ်အသာဖြင့် ရပ်တည်နေသည်။**အောင်ဇော်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

✳ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာနေရှင်နယ်လိဂ်ကလပ် မဟာယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားထားသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၄ ရက်တွင် MNL All Star အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်ပြီး နိုင်ငံခြားသားကစားသမားများဖြင့်ဖွဲ့စည်းမည်ဖြစ်သည်။



MNL All Star အသင်းတွင် ပါဝင်လာသည့် ကွင်းလယ်ကစားသမား မတ်ခ်ဆာကီ။

ယခုရာသီတွင် MNL နှင့် MNL–2 ကလပ်အသင်းများ၌ ကစားနေသူများဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးဇော်လင်းထွန်း (မဟာယူနိုက်တက်)၊ နည်းစနစ်အကြံပေးအဖြစ် ဟီရိုကီ (ရှမ်းယူနိုက်တက်)၊ လက်ထောက်နည်းပြအဖြစ် ဂျိုနသန်တို့က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ MNL All Star အသင်းကို ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားပြီး MNL ကလပ်များဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းမှ မတ်ခ်ဆာကီ၊ ဝီလျံ၊ ရခိုင်ယူနိုက်တက်အသင်းမှ ဂျိုးဇက်၊ အဗ္ဗဒူလာ၊ အိမ်ဗွန်နီဒို၊ မိုကာလူး၊ မဟာယူနိုက်တက်အသင်းမှပက်ထရစ်၊ Dagon Port အသင်းမှ မိုဂူနှင့် မိုက်ကယ်၊ MNL–2 ကလပ်များဖြစ်သည့် ကချင်ယူနိုက်တက် အသင်းမှ ဖရန့်၊ ဘားနက်၊ မူဘာရတ်၊ Chinland အသင်းမှ မိုဟာမက်၊ ဘမ်ဘာ၊ ဒေးဗစ်အရှူး၊ ဘာဂါယာ၊ ရွှေပြည်သာ ယူနိုက်တက်အသင်းမှ ဆိုလီမန်နိုတို့ ပါဝင်သည်။

ဂိုးသမားနေရာတွင် တစ်ဦးသာရှိသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းမှ မြန်မာ့လက်ရွေးစင်ဟောင်း ဂိုးသမားပြည့်ဖြိုးအောင်ကို ရွေးချယ်ထားသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် Asean Cup ပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–သော်လေး**

# ဘားအံမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီးသရုပ်ဖော်တင်ဆက်ပွဲ အခမ်းအနားကျင်းပ

ဘားအံ ဒီဇင်ဘာ ၁

**ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီး သရုပ်ဖော်တင်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အစိုးရအဖွဲ့မှ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဇာတ်တော်ကြီး သရုပ်ဖော် တင်ဆက်ခြင်း အကပညာရှင်အနုပညာရှင်များအား ထောက်ပံ့ငွေကျပ် ၄၃၅၅၀၀၀ ချီးမြှင့်ပေးခဲ့ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူပြီး ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းက အချစ်ဦးနှင့် ပြန်ဆုံခြင်းကို နောက်ခံတေးဂီတ သရုပ်ဖော်ဖြင့် ဟောပြောသည်။

ယင်းနောက် နေပြည်တော် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် အကပညာရှင်များနှင့် အနုပညာရှင်များက သတ္တုခသူခိုးကြီးနှင့် ကုဏ္ဍလကေသီ သူဌေးသမီးဇာတ်လမ်းကို မြန်မာ့ရိုးရာ ဇာတ်သဘင်အနုပညာ အဆို၊ အငို၊ အပြော၊ အက၊ အလှတို့ဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကပြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာပေဟောပြောပေးသူနှင့် အတီးပညာရှင်၊ ဖျော်ဖြေတင်ဆက်ပေးသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဘားအံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အခြေခံပညာ အထက်တန်းဆင့်သင် ဆရာ ဆရာမများအား အရည်အသွေးမြှင့် ဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းပို့ချဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြကာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဆရာ ဆရာမများ ဆွေးနွေးပွဲတက်ရောက်နိုင်ရေး စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူး ပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲကို ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးများ၊ ရှမ်းနှစ်သစ်ကူး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မွန်းတိုင်းဟန်လီ (ရှမ်းပြည်နယ်အလှ)၊ ခေးဆေလိုင်း (ရှမ်းရိုးရာ) သီချင်းဖြင့် အဖွင့်သီချင်း သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ရှမ်းနှစ်သစ်ကူး ပွဲတော်ဖြစ်မြောက်ရေးကော်မတီ နာယကတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲအတွက် အလှူငွေများ ပေးအပ်ပြီး တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူး ပွဲတော်အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအက အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်း လမ်းလျှောက်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များ အလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ် အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များ အလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စစ်ရေးပြကွင်းများ၌ လည်းကောင်း ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




❍ *ကျောဖုံးမှ*

Pot-3 ၌ စင်ကာပူ၊ မော်လ်ဒိုက်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ နီပေါ၊ ဘူတန်၊ Pot-4 ၌ ဘရူနိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တီမော၊ ပါကစ္စတန်၊ သီရိလင်္ကာအသင်းတို့ ပါဝင်နေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၇ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပခဲ့ပြီး တတိယအဆင့်ခြေစစ်ပွဲမှ သီးခြားကျင်းပခြင်းဖြစ်သည်။ ၂၀၂၇ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအဆင့်ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး မကာအိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် (၅-၀) ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့သဖြင့် ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ကစားခွင့်မရဘဲ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲသာ ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲအောင်မြင်ထားသည့် အသင်းများမှာ နောက်ဆုံးအဆင့်အိမ်ရှင် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် ကာတာ၊ ကူဝိတ်၊ ဂျပန်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တရုတ်၊ အိုမန်၊ ကာဂျစ္စတန်၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ အီရတ်၊ အင်ဒိုနီးရှား၊ ဂျော်ဒန်၊ ယူအေအီး၊ ဘာရိန်း၊ ဩစတြေးလျ၊ ပါလက်စတိုင်းအသင်းတို့ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ယင်း ၁၈ သင်း၊ တတိယအဆင့်ခြေစစ်ပွဲမှ ခြေစစ်ပွဲအောင်မြင်လာသည့် ခြောက်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# အတွေးသစ် အမြင်သစ် စိတ်ကူးသစ်များဖြင့် တီထွင်ဆန်းသစ်ထားသော Project Showcase 2024 ကျင်းပပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဦးဆောင်ပြီး ASEAN Digital Awards 2025 နှင့် APICTA (Asia-Pacific ICT Alliance) Awards 2024 ပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရွေးချယ်ရရှိသည့် Project များကို စုစည်း၍ တစ်နေရာတည်းတွင် လေ့လာနိုင်ရန်အတွက် “Project Showcase 2024”ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Myanmar ICT Park အဆောင် (၁၄) ရှိ Kanaung Hub Incubation Center ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင် တက်ရောက်ပြီး ပြသထားသည့် Project များကို လိုက်လံကြည့်ရှု အားပေးရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။(ယာပုံ)

“ကျွန်တော်တို့ ပြိုင်ပွဲတွေ ကျင်းပရတဲ့ ရည်ရွယ်ချက်တွေကတော့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒီကနေ့ပြပွဲမှာပြသထားတဲ့ Project တွေက နိုင်ငံတကာအဆင့်မီပါတယ်။ နိုင်ငံတကာမှာ သွားပြနိုင်တဲ့အတွက် ဆုရရှိမှုသာမက နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်နိုင်တဲ့ အခွင့်အရေးတွေ ပါရရှိမှာ ဖြစ်ပါတယ်။ တီထွင်ဆန်းသစ်မှုဆိုတာကလည်း နိုင်ငံအတွက် အရေးပါတဲ့ကဏ္ဍတစ်ခုလည်း ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးဌေးလင်းက ပြောသည်။

“Project Showcase 2024”တွင် ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး၊ It နည်းပညာနှင့်သက်ဆိုင်သည့် Project ၁၀ ခုကို ပြသထားသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့်“International Competitions Task Force” ကို ဖွဲ့စည်းပြီး အတွေးသစ် အမြင်သစ် စိတ်ကူးသစ်များဖြင့် တီထွင်ဆန်းသစ်ထားသော Innovative ICT Project များကို ဖိတ်ခေါ်၍ နိုင်ငံတကာ ICT Project ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပါဝင်ပြသလိုသည့် လူငယ်များအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။(ယာပုံ)



ဦးစွာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကျောင်းသား ကျောင်းသူများအနေဖြင့် သိပ္ပံဘာသာရပ်များ စာတွေ့လက်တွေ့သင်ကြားရာတွင် အရည်အသွေးရှိသော သင်ထောက်ကူပစ္စည်းများကို အသုံးပြုခြင်းဖြင့် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ပိုမိုနားလည်စေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တန်ဖိုးကြီးသော သင်ထောက်ကူပစ္စည်းများကို တန်ဖိုးရှိစွာ သင်ကြား သင်ယူဆောင်ရွက်ကြစေလိုကြောင်းနှင့် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို လက်တွေ့ခန်းသုံးပစ္စည်းများကို ကျွမ်းကျင်စွာ အသုံးပြုတတ်အောင် စေတနာထားသင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ယခုသင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များ၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ စနစ်တကျအသုံးပြုပုံ အသုံးပြုနည်းများနှင့် သီအိုရီများကို ပြည်တက္ကသိုလ်မှ ဘာသာရပ်အလိုက်တာဝန်ရှိသူများနှင့် နည်းပြများက စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ၁၄ မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကပိုင် အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမ စုစုပေါင်း သင်တန်းသားသင်တန်းသူ ၉၀၁ ဦး တက်ရောက်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာစည်းဝေး



**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် လစ်လပ်လျက်ရှိသော အမှုဆောင်အစားထိုးရွေးချယ်ပွဲကို ယမန်နေ့က မင်းဘူးမြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။(ဝဲပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်စိန်က အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသည့်အခြေခံသမဝါယမအသင်းဝင်ကိုယ်စားလှယ်များက အသင်းတွင် လစ်လပ်လျက်ရှိသော အမှုဆောင်နှစ်ဦးကို ရွေးချယ်ခဲ့ပြီး အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေး ရှင်းတမ်းများအား အတည်ပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## သမဝါယမအသင်းသားများ ဆီနေကြာစိုက်ပျိုးထားမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ အင်းငယ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ မိုင်အင်ကျေးရွာ အောင်သီဟလယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမတို့ရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဆီနေကြာစိုက်ခင်းများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး ညောင်ရွှေမြို့နယ် ရောင်နီဦးလယ်ယာနှင့်အထွေထွေသမဝါယမအသင်းနှင့် နေကြာပန်းလယ်ယာနှင့်အထွေထွေသမဝါယမအသင်းသားပိုင် လယ်ယာမြေများတွင် အိန္ဒိယမျိုး Suryakiran စိုက်ပျိုးနေမှု၊ တောင်ကြီးမြို့ လူရိုးတောင်ကျေးရွာ မြတ်ချမ်းသာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတို့ရှိ ဆီနေကြာစိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ နေကြာသီးနှံအထွက်တိုးစေရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဒီဇင်ဘာ ၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၃၀ ရက်က သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအား ဇန်နဝါရီပထမပတ်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းဝင်းအတွင်း တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ပါက သင်တန်းသားသင်တန်းသူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် စားရိပ်သာနှင့် စားဖိုဆောင်ပြုပြင်ခြင်း၊ သင်တန်းသားအိပ်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်ဝန်ကြီးချုပ်က စားရိပ်သာပြုပြင်နေမှုကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန်နှင့် သင်တန်းသားအိပ်ဆောင်များ ရေ၊ မီး ရရှိရေး သန့်စင်ခန်းများ စနစ်တကျ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် ကျောင်းပြန်လည်ဖွင့်လှစ်ပါက ပြည်နယ်ပြင်ပတွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများအားလုံး ပြန်လည်တက်ရောက်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်စွာ ပေးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိသည့် ခွဲစိတ်မှန်ခန်း၊ ခွဲစိတ်ခွဲစစ်ဆေးခန်း၊ ပြင်ပလူနာဌာန၊ အောက်ဆီဂျင်စက်ရုံ၊ CT Scan စစ်ဆေးခန်းများနှင့် ဆေးသိုလှောင်ရုံများ၊ ဆေးရုံအဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးဆေးရုံအုပ်ကြီး ဒေါက်တာ စည်သူက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ အေးချမ်းစွာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေး အလေးထား ဆောင်ရွက်ပေးရန် မှာကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကိုဇင်(ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ်၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်၌ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၃၀ ရက်က ဇဝနသိဒ္ဓိရပ်ကွက် ရွှေသဇင်ဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးရုံး ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းမင်းဦးတို့က ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဈေးအတွင်းရှိ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဈေးရောင်း၊ ဈေးဝယ်သူများအား တွေ့ဆုံပြီး မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)



# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၆၇ ဒသမ ၅၆ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကင်းလပ်-မြောက်တောကြီး-တအုံလမ်း (၀/၃.၆မိုင်) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရန်ပုံငွေကျပ် ၁၃၇ ဒသမ ၁၇ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မုန့်ပေါင်း-ဇော်ဂျီ-ရွာသစ်-ကန်ကြီးလမ်း (၀/၃မိုင်) ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၉ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့်အတူ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံ ဒေါ်အိဇာထွေး၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

ဝင်းဝင်းသန်း(စဥ့်ကိုင်)



# မုံရွာ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကြီးမှူးကာ မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ပညာရေးဒီဂရီကောလိပ်(မုံရွာ) ပဋ္ဌာဗလခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝေက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညီညီဇော်က မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာများ၊ သစ်တောသစ်ပင်များနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အခြေအနေများ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိအောင်က အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်သူများအတွက် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၇၀ နှုန်းဖြင့် ရောင်းချလျက်ရှိရာ ရပ်ကွက်များတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

# ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် INGO/NGO အဖွဲ့မှ ကိုယ်စားလှယ်များအား တွေ့ဆုံ

**ပုသိမ် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် INGO/NGO Coordination Meeting ကို နိုဝင်ဘာ ၂၉ ရက်က ပုသိမ်မြို့တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဦးစီးဌာနမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ INGO ခုနစ်ဖွဲ့၊ NGO ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**



## ဒေါ့မွန်ကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့် ဘိုင်ယန်မြူးနစ် ကျေနပ်ခဲ့ရ

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၂) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ဒေါ့မွန်နှင့် နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၁ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဒေါ့မွန်အသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၈၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဒေါ့မွန်အသင်းသည် ပြိုင်ဘက်ဘိုင်ယန်မြူးနစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသည်။

ပွဲကစားချိန် ၂၇ မိနစ်တွင် နီကိုရှလော့တားဘက်၏ ဖန်တီးမှုကို တောင်ပံကစားသမား ဂစ်တန်း အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ဒေါ့မွန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ပွဲကစားချိန် ၃၃ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ဟာရီကိန်း ဒဏ်ရာရရှိခဲ့သည့်အတွက် မူလာဖြင့် လူစားလဲခဲ့ရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးခုခံကာကွယ်ထားနိုင်သည့်အတွက် မိနစ် ၈၀ ကျော်သည်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

သို့သော်လည်း ပွဲချိန် ၈၅ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် အဖိုးတန်ချေပဂိုးကို အိုလစ်၏ ဖန်တီးမှုမှ မူစီယေလာက သွင်းယူပေးခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ရမှတ် ၃၀ ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်ထားသည်။

## မန်ယူက တိုက်စစ်ခြေစွမ်းပြကာ အဲဗာတန်ကို လေးဂိုးပြတ်အနိုင်ရ



ဒီဇင်ဘာ ၁ ရက် ည ၈ နာရီတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော မန်ယူနှင့် အဲဗာတန်အသင်းပွဲစဉ်တွင် မန်ယူက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

နည်းပြသစ် အမ်မိုရင်သည် ပြီးခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် နော်ဝေကလပ် ဘိုဒိုဂလင့်ကို အနိုင်ရရှိခဲ့သော ပွဲစဉ်မှ ကစားသမားစာရင်းကို ခြောက်ဦး အပြောင်းအလဲပြုလုပ်ကာ အဲဗာတန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

အဲဗာတန်အသင်းကလည်း ရလဒ်ပိုင်းဆိုးရွားမှုကို ချေဖျက်ရန် အားထားရသည့်ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

ပွဲကစားချိန် ၃၄ မိနစ်တွင် ဖာနန်ဒက်စ်၏ ဖန်တီးမှုကို တိုက်စစ်ကစားသမား ရက်ဖို့ဒ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မန်ယူအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဲဗာတန်အသင်းသည် ဂိုးကန်ချက်များနှင့်အတူ မန်ယူအသင်းဘက်သို့ ထိုးဖောက် တိုက်စစ်ဆင်ကစားခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို မကျော်ဖြတ်နိုင်ခဲ့ပေ။

မန်ယူအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် ဇီဇီး က သွင်းယူပေးခဲ့သည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ မန်ယူက အဲဗာတန်ကို သိသိသာသာဖိအားပေးကစားနိုင်ခဲ့သည်။ မန်ယူအသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးကို ရက်ဖို့ဒ်နှင့် ဇီဇီးတို့က သွင်းယူပေးခဲ့သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်ခဲ့သည်။

## စပိန်လာလီဂါပွဲစဉ် (၁၅) တွင် အက်သလက်တီကိုမက်ဒရစ်က ဗယ်လာဒိုလစ်ကို ငါးဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၅) မှ ဗယ်လာဒိုလစ်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၁ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါနိုင်ပွဲ ကိုးပွဲရှိလာပြီး ရမှတ် ၃၂ မှတ်ဖြင့် ဦးဆောင်သူ ဘာစီလိုနာအသင်းကို အနီးကပ် ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက်ဗယ်လာဒိုလစ်က ယခုရှုံးပွဲကြောင့် လာလီဂါနှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ဗယ်လာဒိုလစ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းဘက်သို့ ထိုးဖောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ပြိုင်ဘက်အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ငါးကြိမ်ရရှိခဲ့ပြီး ငါးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်ရလဒ်များတွင် အက်စ်ပန်ညိုက ဆဲလ်တာဗီဂိုကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဗီလာရီးရဲနှင့် ဂျီရိုနာအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဒီပို့တီဗိုနှင့် လီဂါနက်စ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဘာစီလိုနာနှင့် လပ်ပဲလ်မက်စ်အသင်းပွဲစဉ်တွင် လပ်ပဲလ်မက်စ်အသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် အစ်ဆွစ်အသင်းမှ အသက် (၂၁ နှစ်)အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား လီအမ်ဒီလက်ကို ခေါ်ယူရန် စိတ်ဝင်စားကြောင်း သိရသည်။ အဆိုပါ တိုက်စစ်ကစားသမားကို ဂျူဗင်တပ်စ်အသင်းအပြင် ချယ်ဆီးနှင့် မန်ယူအသင်းတို့ကလည်း စိတ်ဝင်စားနေသည်။
- ပီအက်စ်ဂျီအသင်းသည် ချယ်ဆီးအသင်းမှ အသက် ၂၇ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား ခရစ္စတိုဖာ အင်ခွန်ကူကို ခေါ်ယူရန် စိတ်ဝင်စားနေပြီး အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မူအာနီ (၂၅နှစ်) ကို အသုံးချသွားဖွယ်ရှိသည်။
- မန်ယူအသင်းသည် အသင်းမှ အသက် ၃၂ နှစ်အရွယ် ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို သက်တမ်းတိုးစာချုပ်ကမ်းလှမ်းသွားဖွယ် မရှိကြောင်း သိရသည်။
- ရီးရဲဘက်တစ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၈ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား ဒန်နီ စီဘယ်လော့စ်ကို ပြန်လည်စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် လက်ချီအသင်းမှ ဒိန်းမတ်ခံစစ်ကစားသမား ဒေါ်ဂူ (၂၀နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ မိုးဇက် – စုစည်းသည်

## တိုက်စစ်ထက်မြက်တဲ့ အတ္တလန္တာအသင်းကို ခြေစွမ်းကျဆင်းနေတဲ့ ရိုးမားအသင်း ကျော်ဖြတ်ဖို့ မလွယ်ဘူး

ဒီဇင်ဘာ ၃ ရက်နံနက်ပိုင်းမှာ စီးရီးအေ ပွဲစဉ် (၁၄) မှ ရိုးမားနဲ့ အတ္တလန္တာအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ နောက်ဆုံးပြိုင်ပွဲစုံ ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ရိုးမားနဲ့ ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် နိုင်ပွဲရရှိထားတဲ့ အတ္တလန္တာအသင်းတို့ တွေ့ဆုံနေတာကြောင့် လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

**ရိုးမား VS အတ္တလန္တာ**

ရိုးမားက ပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး အတ္တလန္တာက ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့ အသင်းဖြစ်တယ်။ ရိုးမားအသင်းက တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတဲ့အပြင် နိုဝင်ဘာ ၁ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေတာကြောင့် နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာဆိုပေမယ့် စီးရီးအေမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ အတ္တလန္တာကို အသာရဖို့ မလွယ်ဘူး။ ရိုးမားအသင်းတုံ့ပြန်ကစားပုံ ကောင်းမွန်ခဲ့သော်ငြား အတ္တလန္တာအသင်းက ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။



ဒိုဘစ်
ရိုးမား (တိုက်စစ်)
၁၂ ပွဲကစား – ၄ ဂိုးသွင်း



မတ်တီယို
အတ္တလန္တာ (တိုက်စစ်)
၁၃ ပွဲကစား – ၁၂ ဂိုးသွင်း

**ရိုးမားနဲ့ အတ္တလန္တာအသင်းတို့ရဲ့ နောက်ဆုံး နှစ်ပွဲရလဒ်**

| | | | |
|---|---|---|---|
| အတ္တလန္တာ | ၂ – ၁ | ရိုးမား | စီးရီးအေ |
| ရိုးမား | ၁ – ၁ | အတ္တလန္တာ | စီးရီးအေ |

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၇၇၃၇၉)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၂၀၇၃၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကလွင်ကျေးရွာ၌ တရားမဝင် ဒီရေတောမျော သစ်လုံး ၂၃၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီး ရတနာဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၃၇၃၆၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၈၉၂၆၂၈) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၂၉၉၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်း အဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)ကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် တောင်စဉ်အေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Loujia မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Ipsum မော်တော်ယာဉ် တစ်စီးနှင့် Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် ပဂိုးကုန်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Kluger မော်တော်ယာဉ် တစ်စီးနှင့် Nissan X–Trail မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အရာတော်မြို့ ကွက်သစ်ရပ်ကွက် မြို့လယ်ကျောက်တိုင်အနီး၌ လိုင်စင်မဲ့ CZI 125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့ Mitsubishi Minicab မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ )ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၇၁၈ တန်၊ အခြားသစ်တန် ၀ ဒသမ ၉၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၆၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၄ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၅၇၆၃၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၃၀၅၀၀၁ ကို ဖမ်းဆီးရမိသည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြိတ်မြို့နယ် ကဘင်းကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**မြိတ် ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ အုပ်စု ကဘင်းကျေးရွာ၌ မြိတ်–ထားဝယ်ကားလမ်းမှ ကဘင်းကျေးရွာ အဝင်လမ်းကို ဒေသခံပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းခြင်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးထံမှ သိရသည်။

ကဘင်းကျေးရွာ အဝင်လမ်းကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး ရန်ပုံငွေ ၁၈၄ ဒသမ ၃ သန်းဖြင့် ရွာအဝင်လမ်း နှစ်မိုင်ရှိသည့်အနက် မူလကတ္တရာလမ်း ပျက်စီးနေသော လေးဖာလုံလမ်းအပိုင်းကို ကွန်ကရစ်လမ်း အကျယ် ၁၂ ပေ၊ ကွန်ကရစ်ထု ၇ လက်မ လမ်းခင်းခြင်းလုပ်ငန်းကို ပုလဲ ရွှေပြည်ကုမ္ပဏီမှ တာဝန်ယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို



တနင်္သာရီ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ခိုင်ထူး(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်–၁၀၆/B၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံ၏ (၃–လွှာ/A)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၁၃ပေ x ၈၀ပေ)ရှိ ရေမီးစုံတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စွဲ့ခမ်းနွယ် ၁/ပတအ(နိုင်)၀၂၆၆၄၇ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များ၊ အဆက်အစပ်စာချုပ်များနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်မျိုးထက်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်–၃၇၁၇၉)**

**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B,D.B.L)**

**အထက်တန်းရှေ့နေ(စဉ်–၅၁၇၆၉)**

**အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း–၀၉–၄၂၀၀၄၀၁၄၉၊ ၀၉–၄၃၀၄၃၂၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ်(၅၃)ခဲစင်း၊ ၅၀(ဘီ)လမ်း၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းအေးမောင်၉/မနမ(နိုင်) ၀၉၆၃၅၆၊ ဒေါ်နွဲ့သန်းရီ ၉/မနမ(နိုင်)၀၉၆၇၀၈တို့က အမှုတွဲအမှတ်(၅၁၀၁/ ၂၀၂၄–၂၀၂၅)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၄၊ ဦးပိုင်အမှတ် ယခင် ၉၊ ယခု ၁၉ ခ ခဲစင်း/ ၁၉လမ်း၊ ၈၆x၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးသိန်း ၅/ဝလန(နိုင်)၀၃၆၄၅၄၊ ဒေါ်ဟိန်းသန္တာဗိုလ် ၉/အမဇ(နိုင်)၀၃၉၈၇၂တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ် ထထ–၃၀၊ ဦးပိုင်အမှတ် (၇+၁၂)/၅၀x၅၁ ကြား၊ ကျန်စစ်သား x ဗန္ဓုလ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ဟွီးကျူ ၁၃/လရန(နိုင်)၀၀၀၇၃၅ က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးနှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၆၉) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၅၀၆၂၁၄ ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဆ - ၄၉၁၂၆၁ ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

င - ၄၄၅၇၁၁ ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

စ - ၁၂၇၁၆၃ ဆ - ၅၈၂၁၅၇
ဇ - ၄၂၆၄၄၅ ဃ - ၇၈၅၂၄၉

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဆ - ၁၂၂၄၁၆ ဇ - ၃၆၅၉၃၁
ဃ - ၂၁၉၇၃၀ င - ၉၂၅၄၉၂
ဇ - ၃၀၄၉၂၉ ဇ - ၉၆၂၀၅၂

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၁၄၇၇၃၆ စ - ၆၂၁၈၉၂ ဃ - ၇၃၂၀၈၇
ခ - ၁၇၅၆၇၀ ခ - ၆၃၂၈၇၂ က - ၇၄၀၀၆၃
စ - ၆၀၀၄၁၄ ဂ - ၆၇၄၄၈၉ ဃ - ၉၇၆၆၅၀

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၀၃၂၁၈ ဆ - ၅၁၉၀၈၇
င - ၁၃၇၇၃၉ င - ၅၂၃၇၈၂
ဆ - ၂၆၅၄၃၄ ဈ - ၅၄၄၁၃၇
ဆ - ၃၁၇၀၆၁ ဇ - ၆၀၅၃၈၄
ဂ - ၃၉၄၂၈၄ ခ - ၈၅၄၉၀၅
ဃ - ၃၉၉၁၃၅ ခ - ၉၆၄၁၁၀

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဈ - ၁၁၉၄၃၉ ဆ - ၅၃၅၄၀၃ စ - ၇၄၂၉၇၇
င - ၁၄၃၁၉၆ က - ၅၅၁၉၄၉ စ - ၈၁၈၀၇၁
ဇ - ၂၃၂၅၅၀ က - ၅၆၇၄၂၉ ဃ - ၈၄၂၃၇၄
ဇ - ၂၆၉၁၆၅ ဂ - ၆၁၆၇၇၃ ဃ - ၉၆၉၂၈၀
ဆ - ၃၃၄၈၆၁ ခ - ၆၃၁၀၆၄ ဃ - ၉၈၄၁၁၅
င - ၅၃၄၃၃၂

ကံထူးရှင်(၁၆)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ - ၁၆၀၃၂၀ ဈ - ၆၂၀၉၇၇
ဂ - ၃၁၁၅၂၄ ဃ - ၆၅၅၀၉၁
ဇ - ၃၂၅၁၈၁ ဈ - ၇၅၉၅၀၄
င - ၃၆၁၅၅၅ ဂ - ၇၇၄၆၂၈
င - ၄၉၃၁၁၀ ဇ - ၈၀၉၃၃၃
ဈ - ၅၆၄၉၁၀ စ - ၈၁၄၇၈၇
ခ - ၅၈၀၆၀၃ ဈ - ၈၃၄၀၁၂
ဈ - ၆၁၆၃၇၅ ခ - ၉၀၇၇၀၃

ကံထူးရှင်(၁၆)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဇ - ၁၅၁၅၂
ခ - ၅၄၅၀၇
စ - ၉၆၀၆၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဂ - ၄၅၄၇
ဃ - ၈၄၈၇
င - ၆၅၁၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်

င - ၁၃၂ က - ၄၄၇ ဈ - ၈၄၄
က - ၂၉၃ ဂ - ၅၁၇ ဃ - ၈၆၆
စ - ၄၃၀ က - ၇၄၁ ဇ - ၈၈၆

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၇၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၂၆ ဆ - ၈၆ ဆ - ၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၄၇၇)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဇ - ၇

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဇ - ၄၉၄၇၀၀ က - ၇၅၁၄၇၈
စ - ၆၈၉၁၃၄ ဈ - ၈၃၂၀၂၆

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဈ - ၄၄၉၆၂ ဆ - ၈၆၉၁၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဈ - ၄၅၃၅ စ - ၇၇၅၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

င - ၆၅၅ င - ၉၃၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၂၇)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၆၂၂၂)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၆၂၂၂)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၇၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၈)လုံး ဖြစ်ပါသည်။

၄။ (၆၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၂-၁၂-၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၂-၁၂-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ် ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | Lot |
|---|---|---|
| (က) | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိနေအိမ်(၄)ခန်းတွဲ(၃)ထပ် (၉၆ပေ x ၃၆ပေ)(RC) | Lot-1 |

လျှောက်လွှာရောင်းချမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး၊ မုံရွာမြို့

လျှောက်လွှာရောင်းချမည့်ရက် - ၂-၁၂-၂၀၂၄ရက် မှ ၂-၁-၂၀၂၅ရက်ထိ (အစိုးရရုံးဖွင့်ရက်နှင့်ရုံးချိန်အတွင်း)

လျှောက်လွှာတင်သွင်းရမည့်ရက် - ၂-၁-၂၀၂၅ရက် ညနေ (၄)နာရီထိ

လျှောက်လွှာတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး၊ ငွေစာရင်းဌာန

တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအကြောင်းကြားသွားပါမည်။

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့၊ ဖုန်း- ၀၇၁-၂၀၃၂၇၆၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅) ပြင်ဦးလွင်မြို့နယ်တရားရုံးတော် ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၈

ဦးဘိုဖြူဝင်း နှင့် ဦးဘပု
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ နဝရတ်လမ်း၊ ရ-၂ ရပ်နေ တရားပြိုင် ဦးဘပု(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘိုဖြူဝင်းက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအေး)
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၄၅၅/ခ)၊ (ဒုတိယထပ်/ယာခန်း)၊ အကျယ်အဝန်း (၁၂ ပေ x ၅၅ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ဆုရွှေရည် ၈/ ဆပဝ(နိုင်) ၀၇၈၀၁၃နှင့် ဦးချစ်လွင်ဦး ၈/ဆပဝ(နိုင်) ၀၈၄၉၃၀ တို့မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အထက်ဖော် ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ်(၄၈)၊သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၆၁၂၂၈၃**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ Baby Land International Education Center ကိုယ်ပိုင်ကျောင်း Grade-3 အတန်း မှ(ဘ) ဦးပြည့်ဖြိုးကိုကို ၈/ပခက (နိုင်) ၂၃၅၀၄၅၏သမီး မဇွန်လရောင်စိုး၏ အမည်မှန်မှာ မမြတ်သီရိဇွန် ဖြစ်ပါကြောင်း။ **မမြတ်သီရိဇွန်**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အထက (သရက်ချောင်း) ကျောင်း G-3 တွင် ပညာသင်ကြားနေသော ဦးကျော်ကျော်၏သား မောင်ဖွဲ့ထက်လင်း အား မောင်ဖွဲ့သုတလင်းသို့ ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ မြေကွက်အမှတ်(၇၂)တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ မြေညီ+ပထမထပ် ခြေရင်းခန်း၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ပေ)ရှိ တိုက်ခန်းတစ်စုံကို ယခုလက်ရှိပိုင်ဆိုင်သော ဒေါ်တင်တင်လှ ၁၂/တမန(နိုင်) ၀၃၇၁၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို ပေးချေထားရှိပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး ၁၅ ရက်အတွင်း စာရွက်စာတမ်းမူရင်းခိုင်မာစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်ရှူဂေးခလိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)**
**အမှတ်(၁၅၅/ပထပ်)၊၄၆လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2444, Toyota Belta SCP-92, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြည် ၈/ပခက (နိုင်)၀၆၃၉၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်ဥယျာဉ်အိမ်ရာစီမံကိန်းအတွင်းရှိ လူနေဆိုင်ခန်း(Shophouse)အမှတ်-PSH62၊ မြေဧရိယာ ၁၀၅၆ စတုရန်းပေ၊ အဆောက်အအုံ ဧရိယာ-၃၀၄၇ စတုရန်းပေရှိ လူနေဆိုင်ခန်းနှင့် ယင်း၏ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇင်ကိုဦး ၁၂/သလန(နိုင်)၁၁၆၈၂၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလူနေဆိုင်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်းကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
|---|---|---|
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
**အမှတ် ၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၀၄၆)၊ ရွှေဘိုလမ်း၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ပေ)ရှိ ဒေါ်မြင့်မြင့်ဝင်းအမည်ပေါက်ပါမစ် မြေကွက်အနက်မှ (၂၀ပေ x ၆၀ပေ)ရှိ (မြေကွက်အမှတ်-၁၀၄၇ နှင့်ကပ်လျက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးမမြင့် ၁၂/ဒဂတ(နိုင်) ၀၇၂၆၀၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ရွှေတောင်မြို့နယ်၊ကသစ်တိုင်းအုပ်စု၊ မင်းရွာတန်းနေ(ဦးသက်ပြင်း)နှင့် ဒေါ်သန်းရင်တို့၏ သမီးကြီးဖြစ်သူ ဒေါ်ယဉ်ယဉ်ပိုက် ၇/ရတန(နိုင်)၀၆၃၆၁၆သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အားစိတ်ဆင်းရဲအောင် ပြုလုပ်ပြီးနေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့် ကိစ္စရပ်များကိုမှ လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မိခင် ဖြစ်သူ**
**ဒေါ်သန်းရင်**
**၇/ရတန(နိုင်)၀၂၂၂၆၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မန္တလေးလမ်း၊ ကွင်းအမှတ် (၁၉၈)၊ ဦးပိုင်အမှတ် ခ/၂၊ မြေဧရိယာ ၄.၅၂ကေသည် ဒေါ်ခင်ကြည် ၇/ညလပ(ဧည့်) ၀၀၀၀၉၈ ဂရန်အမည်ပေါက်မြေဖြစ်ပါသည်။ ထိုမြေ ၄.၅၂ကေအနက်မှ မြေတစ်စိတ်တစ်ဒေသ ကို သားတစ်ဦးအား မေတ္တာဖြင့် အပိုင်ပေးမှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရားဝင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ သမီးဖြစ်သူ ဒေါ်ယဉ်ယဉ်၏ သားသမီး(၇)ဦး(မြေးများ)အား ၀.၈၀၃ကေနှင့် ယင်းမြေပေါ်ရှိအိမ်၊ သမီးဖြစ်သူ ဒေါ်လှလှ၏သားသမီး ၄ ဦး(မြေးများ)အား ၀.၃၉ကေနှင့် ယင်းမြေပေါ်ရှိ အိမ်၊ သမီးဖြစ်သူ ဒေါ်သန်းသန်းနှင့် သားသမီး ၃ ဦး(မြေးများ)အား ၀.၂၄၅ကေနှင့် ယင်းမြေပေါ်ရှိ အိမ်၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း(သားမက်)အား မြေ၀.၃၄၄ကေတို့ကို မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သော်လည်း တရားဝင်အထမြောက်စေရန်မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ကူးယူရရှိပြီးဖြစ်သဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနတွင် အခွန်ထမ်းဆောင်၍ လိုအပ်သည့် ကိစ္စအရပ်ရပ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များတင်ပြ၍ ကျွန်ုပ်ထံသို့ စာဖြင့်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်ကြည်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်သန်းသန်းဌေး၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ဖြူအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၅၇)**
**အမှတ်(၁၁၈-၁၂၀)၊ ၄၆လမ်း၊(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၀၀၃၄၅၃၄**

## ကန့်ကွက်နိုင်ပါကြောင်းသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အရှေ့လားသော် မြေကွက်အမှတ်(၁၇၂၁)၊ အနောက်လားသော်-မြစ်ငယ်(၅)လမ်း၊ တောင်လားသော် မြေကွက်အမှတ်(၁၇၂၄)၊ မြောက်လားသော် မြေကွက်အမှတ်(၁၇၂၀) စသည့် အလား(၄)ရပ်အတွင်းရှိ ဧရိယာ(၀ဒသမ၀၈၂)ကေ အကျယ်အဝန်းရှိသော မြေကွက်အမှတ်(၁၇၂၂)ဟု ခေါ်တွင်သည့် မြေကွက်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၂၀၁၉ခုနှစ်၊ မတ်လ ၂၈ရက် ရက်စွဲပါ စာအမှတ် ၄၂၅/၁၈-၄/နပတ(မြို့/မြေ)အဖြစ် ဦးခင်စိုး (ဘ)ဦးမောင်ဝင်း ၈/မကန(နိုင်)) ၂၀၇၁၈၅အမည်ဖြင့် နေရာချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဦးခင်စိုးအမည်ဖြင့် ချထားပေးသော မြေကွက်အမှတ် (၁၇၂၂) မြေကွက်အား (၆-၇-၂၀၂၃)ရက်၌ ဒေါ်နွဲ့ယဉ်အေးမှ စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၃-၉-၂၀၂၃)ရက်၌ ဒေါ်နွဲ့ယဉ်အေးမှ ဦးဥက္ကာထံသို့ စာချုပ်ချုပ်ဆိုပြီး ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဦးခင်စိုးအမည်ဖြင့် ချထားပေးသော မြေကွက်အမှတ်(၁၇၂၂)မြေကွက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်မဒေါ်မေဇာနည်(ဘ)ဦးမန်းစိုးဟန် ၉/သစန(နိုင်) ၁၆၈၂၆၅က ဦးဥက္ကာထံ မှ နှစ်ဦးသဘောတူကာလ တန်ဖိုးသတ်မှတ်ပြီးအရောင်းအဝယ်ပြု၍ (၂၆-၁၁-၂၀၂၄)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသ အား ဦးဥက္ကာထံ လက်ရောက်ပေးအပ်၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။ မြေကွက်အမှတ်(၁၇၂၂)အား အပြီးသတ် အရောင်းအဝယ်ကျန်ငွေပေးချေပြီး မြေစာရင်းပုံစံ (၁၀၅/၁၀၆)လျှောက်ထားခြင်း၊ ဂရန်အမည်ပေါက် ဆောင်ရွက်ခြင်း၊ အထူး/အထွေထွေကိုယ်စားလှယ်စာလွှဲပြောင်းခြင်း၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း အစရှိသည့်ကိစ္စရပ်များအား ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်မည်ဖြစ်ပါသောကြောင့် ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေဇာနည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရှိုင်းသူဟိန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၀၇)**
**ဖုန်း-၀၉-၇၉၀၆၅၃၈၉၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ်(၈၄၈)၊အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စန်းစန်းရီ (၁၀/ မလမ(နိုင်) ၀၄၂၇၉၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီတာအေး(၇/ တငန(နိုင်)၁၀၄၆၆၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် **LL.B,**
**Ph,09421746974** အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

## အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်(Shophouse)အခန်းအမှတ် (၁၁/၁၂) နေဒေါ်စောသူဇာ (၁၂/မရက(နိုင်)၁၀၂၆၆၈) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ဒေါ်စောသူဇာသည် MARGA LANDMARK DEVELOPMENT COMPANY LIMITED မှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅ ကံဘဲ့၊ မြေကွက်အမှတ် ၇နှင့်၈ ၌ တည်ဆောက်လျက်ရှိသည့် အဆောက်အအုံ (Residental)များမှ Tower.3,Level-5,Unit-E(Gross area- 879 Sq-ft)(Net Floor Area-685 Sq-ft)ကို ထပ်ဆင့်အငှားချထားခွင့်အား နှစ်ဦးသဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုဝယ်ယူခဲ့ရာ ၂၆-၁-၂၀၂၀ရက်မှ စ၍ တိုက်ခန်းဖိုးငွေကို အရစ်ကျပေးသွင်းခဲ့ပြီး ၃၀-၇-၂၀၂၃ရက်တွင် စာချုပ်ပါစည်းကမ်းနှင့်အညီ ၉၀%ပေးသွင်းပြီးဖြစ်ပါကြောင်းနှင့် အခန်းလက်ရောက်အပ်နှံသည့်အချိန်တွင် ကျန် ၁၀% အား ပေးသွင်းရမည့်စည်းကမ်းချက်များနှင့် ဝယ်ယူထားပါကြောင်း သိစေအပ်ပါသည်။ အဆိုပါ ဝယ်ယူထားမှုအပေါ် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ဆွေဆွေညိမ်း | ဒေါ်ဇင်မာ(LL.B) | ဦးကောင်းထက်ဇော် (LL.B) |
|---|---|---|
| (LL.B,D.B.L,D.A.Psy) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၃၀) | (စဉ်-၁၀၅၄၈) | (စဉ်-၁၅၉၈၉) |

**ရုံးအမှတ် ၁၄၅၊(ပ-အေ)၊ ၃၇လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၂၂၃၄၊ ၀၉-၄၅၆၀၀၂၈၂၈**

## တစ်ဦးတည်းဖြစ်ကြောင်း

အောင်လံမြို့၊ အထက(၁) ကျောင်း Grade-6တန်းတွင် ပညာသင် ကြားနေသော ဦးမောင်မောင် ၈/မထန(နိုင်) ၀၇၀၈၆၀၏ သမီး မမွန်မွန်မင်းခန့် (ခ) မမွန်းမိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမွန်မွန်မင်းခန့်(ခ)မမွန်းမိုင်**

## အင်္ဂလိပ်ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/6046 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-ရပ်(၇)၊ ကျွန်းကလေးပိုင်း၊ ဦးပိုင်အမှတ်(၁ကြီး/၂)၊ မြေကွက်အမှတ်(၄၄B)ရှိ မြို့မြေဧရိယာ ၀.၀၄၂၅ကေအား ပဲခူးမြို့၊ ဥဿာမြို့သစ်(၁)ရပ်ကွက်၊ တိဿလမ်းနေ ဦးဇေယျာဝင်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်နေ့အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/84590, Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာအေး ၁၄/သပန(နိုင်)၁၅၃၅၄၈၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/7265, Nissan Candar MK 36C, Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၄/ကပန(နိုင်) ၁၁၁၀၇၉ က ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံ ပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/63334, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၄/ပသန(နိုင်)၀၃၇၅၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## ( တရားမကျင့်ထုံးဥပဒေ အမိန့်-၅ ၊ နည်းဥပဒေ-၂၀ )

## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၈

ဒေါ်မြင့်ကြည် နှင့် ဦးညာဏ်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၄၅)၊ ထိန်ကုန်းရပ်ကွက်နေ ဦးညာဏ်(ဘ)ဦးဆိုင် သိစေရမည်။

တရားပြိုင် ဦးညာဏ်(ဘ)ဦးဆိုင် သင့်အပေါ်၌ တရားလို ဒေါ်မြင့်ကြည်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ (ဠ-၂/၃၁) ၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိဦးညာဏ် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုစေသည့် ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေကွက်သည် မူလက ဒေါ်အညို အမည်ဖြင့် ၃၀-၆-၂၀၂၂ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်ဒေါ်အညိုက ၉-၈-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၇၇/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးရန်ကျင်လှ ၁/မကန(ပြု)၀၀၀၁၈၁ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရန်ကျင်လှ အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထား လာမှုအပေါ်ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ် (၁၆-ခ/၁)၊ ဦးပိုင်အမှတ် (၅၆)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက် သည် မူလက ဦးကီဆန်းအမည်ဖြင့် ၃၀-၆-၂၀၀၉ ရက်အထိ(၁၅)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးကီဆန်းသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ဘင်မာလာက တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၂၇-၉-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၆၂/၂၀၂၄) အရ အဆိုပါမြေကွက်အား ဒေါ်ဝါပေါင်း(ခ)မဝါ၁/မမန(နိုင်)၀၃၁၅၈၉ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဝါပေါင်း(ခ) မဝါအမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၉/ရှမ်းစုတောင်)၊ ဦးပိုင်အမှတ် (၅)၊ ဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ ဂရန်မြေယာကွက်နှင့် ယင်းမြေယာကွက်ပေါ်ရှိ မရွှေ့မပြောင်းနိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကျွန်မ ဒေါ်လှဲ့လှဲ့ဝင်းလှိုင်(ခ)ရဲမွန်အောင်မှ တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ဆောင်ရွက်ရန် ကျန်ရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ ကျွန်မအကျိုးခံစားခွင့်ရှိသည့် အထက်ပါအိမ်ခြံမြေအား ကျွန်မ ပါဝင်သိရှိခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အမည်ပြောင်း မြေငှားဂရန်ပြုလုပ်ခြင်း အစရှိသည်တို့အပါအဝင် ကျွန်မ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိပါးနစ်နာစေမည့် ဆောင်ရွက်လုပ်ဆောင်မှုတို့အား ပြုလုပ်ခွင့်မပြုကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်းလှိုင်(ခ) ရဲမွန်အောင်**
**၁/မကန(နိုင်)၁၃၀၇၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## ရန်ကုန်မြို့
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၄ )
## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက် ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀ - ၂၀၀၀- ၂၂၆၀၀၀) တန်း အငယ်တန်းအင်ဂျင်နီယာ (၂) ရာထူး (၂၅) နေရာ အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ခန့်ထားမည့် ရာထူး | အနိမ့်ဆုံး ပညာ အရည်အချင်း | ဘာသာရပ် | ခန့်ထားမည့်ဦးရေ ကျား | မ | ပေါင်း |
|---|---|---|---|---|---|---|
| ၁။ | အငယ်တန်း အင်ဂျင် နီယာ (၂) | A.G.T.I(EP/ EC/IT) | Electrical Power(EP) | ၁၅ | ၅ | ၂၀ |
| | | | Electronics( EC ) | ၃ | ၁ | ၄ |
| | | | Information Technology (IT) | ၁ | - | ၁ |
| | | စုစုပေါင်း | | ၁၉ | ၆ | ၂၅ |

၂။ လျှောက်ထားသူသည်-

( က ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည် ။
( ခ ) ၃၁-၁၂-၂၀၂၄ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅) နှစ်ထက်မကျော်လွန်သူ ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) ထက်မကျော်လွန်သူဖြစ်ရမည်။
( ဂ ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည် ။
( ဃ ) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
( င ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
( စ ) ဖော်ပြပါအချက်အလက်များအား ပြည့်စုံစွာဖြည့်စွက် ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်း စသော အရေးကြီးသည့် အချက်အလက်များကို လိမ်လည်ဖြည့်သွင်းလျှောက်ထားမှုကို စိစစ်တွေ့ရှိပါက ဝန်ထမ်းအလုပ်ခန့်အပ်ထားပြီးသည့်တိုင် ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခြင်း(Dismissal) ပြစ်ဒဏ်အထိ စည်းမျဉ်းစည်းကမ်းအညီထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း နှင့် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပယ် ( Dismissal) ခြင်းခံရသူ များ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူများမှ စာမေးပွဲဝင်ကြေးငွေကျပ် (၅၀၀၀/-) (ကျပ်ငါးထောင်တိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၃) ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ငွေစာရင်းအမှတ် (CE - 000958)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်လျှောက်လွှာနှင့် စည်းကမ်းချက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ၊ စီမံခန့်ခွဲရေးဌာနတွင် စာမေးပွဲဝင်ကြေးငွေ ကျပ်( ၅၀၀၀/-) ပေးသွင်းသည့်ချလန်မူရင်းပြသ၍ ၃-၁၂-၂၀၂၄ ရက်မှ ၁၆-၁၂-၂၀၂၄ ရက်ထိ ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး လျှောက်လွှာထုတ်ယူသည့် နေရာ၌ ၁၆-၁၂-၂၀၂၄ ရက် ရုံးချိန်အတွင်းနောက်ဆုံးထား၍ ကာယကံရှင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ လျှောက်လွှာများကိုတင်သွင်းရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပေးပို့ရမည်ဖြစ်ပါသည်-

( က ) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း။
( ခ ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်/အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (၁)စောင် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန် )
( ဂ ) နိုင်ငံသားစိစစ်ရေးကတ် ( သို့မဟုတ် ) အမျိုးသားမှတ်ပုံတင်မိတ္တူ (၁) စောင်
(ဃ) လွန်ခဲ့သော(၃) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၁)ပုံ ကပ်ပြီး အပို (၂)ပုံ၊ (နောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်အမှတ်ရေးသားရန် )
( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဌာန၏ ဖြေဆိုခွင့်ပြု ချက်မူရင်း။
( စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (သက်တမ်းမကုန်)နှင့် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ မူရင်းများ။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၏ဖြေဆိုခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲသို့ ၃၁-၁၂-၂၀၂၄ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာတစ်စောင်ကို ၁၆-၁၂-၂၀၂၄ ရက်နောက်ဆုံးထားပေးပို့ရမည် ။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန ၊ ဝန်ထမ်းရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲတွင် ၂-၁-၂၀၂၅ ရက်မှ ၃-၁-၂၀၂၅ ရက်ထိထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခြင်းခံရပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အနည်းဆုံး(၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် (၁,၀၀၀,၀၀၀/- ) ( ကျပ် တစ်ဆယ်သိန်း တိတိ ) ကို ပေးလျော်ရမည်ဖြစ်ပါသည် ။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်ပြီး ၅-၁-၂၀၂၅ ရက် နံနက် (၀၉:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲ (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီအထိ သက်ဆိုင်ရာ အင်ဂျင်နီယာ ဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး ၆-၁-၂၀၂၅ ရက်တွင် လူတွေ့စစ်ဆေးခြင်းကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ ၊ ဖုန်း-၀၁-၂၂၂၈၆၉ သို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စီးပွားရေးရာဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျပ်သန်း (၂၀၀)အထက် စည်ပင်သာယာရေးလုပ်ငန်း Lot (၄) ခုအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | Lot No. | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည်/ အတိုင်းအတာ |
|---|---|---|---|
| ၁ | Lot-1 | စစ်တွေ | စစ်တွေဟိုတယ်ဆင်းလမ်းအား ရှုခင်းသာလမ်း (ကမ်းခြေပတ်လမ်း)နှင့် လမ်းဖြောင့် မတ်စွာဆုံစေရန် 115.43m အရှည်၊ 9.1m အကျယ် ကွန်ကရစ်လမ်း တိုးချဲ့ဖောက် လုပ်ခြင်း၊ Platform (၂) ဘက် ပြုလုပ်ခြင်း၊ |
| ၂ | Lot-2 | စစ်တွေ | စစ်တွေမြို့၊ ရှုခင်းသာလမ်းအပိုင်း (၃) ပွိုင့်စခန်းဘက်ခြမ်း ရေတားနံရံ တည်ဆောက် တစ်လျှောက် ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး (၃၀၀) အသင့် ပြုလုပ်ပြီး နေရာချထားခြင်း |
| ၃ | Lot 3 | စစ်တွေ | ဦးဥတ္တမခန်းမ၌ သုံးစွဲရန် (250 KVA) Transfomer နှင့် KOHIER (250 KVA) မီးစက် (၁) လုံး |
| ၄ | Lot-4 | စစ်တွေ | အမှိုက်ကျင်း၌ ရှင်းလင်းရန် Hyundai Back Hoe (14) Ton (၁)စီး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို ၂-၁၂-၂၀၂၄ ရက်မှ ၁၅-၁၂-၂၀၂၄ ရက်၊ ညနေ (၁၆:၀၀)နာရီအထိ ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာများအား ၁၆-၁၂-၂၀၂၄ ရက်မှ ၂၃-၁၂-၂၀၂၄ ရက် ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃ -၂၂၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၅) မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲအမှတ်(၃၉၁/၁၉၉၀-၁၉၉၁)အရ ဦးထွန်းအောင်ကျော် အမည်ပေါက်ပါသည်။ အဆိုပါအမည်ပေါက်သူ ဦးထွန်းအောင်ကျော်ထံမှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ရောင်းအဝယ်စာချုပ် အမှတ် (၂၃၆/၂၀၂၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်အေး(ခ)ချီချီမှ မြေကွက်အား လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်၍ ၎င်း၌ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသော မြေကွက်နှင့် နေအိမ်အဆောက်အအုံအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နီလာအောင် ၉/ပဥလ(နိုင်)၀၀၉၀၇၈ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| **ဒေါ်နီလာအောင်(ဘ)ဦးလီဂျုံးဂရင်** | **ဦးထွန်းထွန်းဦး LL.B , IP Law (WIPO)** |
| **၉/ပဥလ(နိုင်)၀၀၉၀၇၈** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၇၀)** |
| **ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့။** | **အမှတ်(၁၁၆)၊ ရွှေဘုံသာလမ်း၊ (၂၈)** |
| | **သုမင်္ဂလာရပ်၊ ရပ်ကွက်ကြီး(၂)၊** |
| | **ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁) ၊ ကွင်း/ အကွက်အမှတ် ၁၂/ ညံတော အနောက်၊ ဦးပိုင်အမှတ် (၈၈-က)၊ မြေဧရိယာ ၀ဒသမ၁၀၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး ) လျှောက်ထားနိုင်ရေး ဒေါ်ထောင်ဖိန်း ၉/မမန (နိုင်) ၀၂၁၂၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ် ၊ RA - VI / ကွက်ပြင် ၊ ဦးပိုင်အမှတ် (၆က/၇၈ ) ၊ မြေဧရိယာ ( ၀ဒသမ၁၄၇ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း ၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးဝင်းအောင်၁၂/ဗဟန(နိုင်)၀၈၃၆၈၈ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (BB/မြနန္ဒာရပ်)၊ ဦးပိုင်အမှတ် ( ၂၂ + ၂၃ + ၂၄ )၊ မြေဧရိယာ ( ၀ဒသမ၁၉၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန် ( အမည်ပြောင်း၊ သက်တမ်းတိုး ) လျှောက်ထားနိုင်ရေး ဒေါ်ယမုံဦး ၁၃/ကမန(နိုင်)၁၄၁၆၆၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့ စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဒနီကျန္ဒရာ ၉/မကန(နိုင်) ၀၇၈၁၉၂ ဖြစ်ပါသည်။

**ဦးဒနီကျန္ဒရာ**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့ စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ မောင်ရဲဘုန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ပွဲ ၁၃/လရန(နိုင်) ၁၈၇၆၆၈ ဖြစ်ပါသည်။

**ဦးစိုင်းအိုက်ပွဲ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/5852 APE CTY 200 3 wheel vehicle ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၈/ခမန(နိုင်)၁၀၃၁၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/2408 PAIGGIO SPIN 450 3wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထိုက် ၉/ပကခ(နိုင်) ၀၁၀၆၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/5210 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)၊**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5130 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1496 Shwe Kyair MPV (SK-MPV-9) Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရှိန်းကိုကိုထူး ၉/ကဆန(နိုင်)၁၉၃၉၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1817 AR MHANTHIT L/T (AMT - 09 P/U) (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထွေး ၁၃/လရန(နိုင်)၁၈၅၆၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/22618 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန(နိုင်) ၀၂၃၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/4778 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7351၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/4830 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြင်းခြံတက္ကသိုလ်
## တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာ ခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက် ကြေညာခြင်း

၁။ မြင်းခြံတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ (နေ့သင်တန်း)တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)နှင့် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့သော ကျောင်းသား/ ကျောင်းသူများ ၂၀၂၄ ပညာသင်နှစ် (အဝေးသင်သင်တန်း)တွင် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့သော ကျောင်းသား/ ကျောင်းသူများသည် မြင်းခြံတက္ကသိုလ် တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ လျှောက်ထား နိုင်ပါသည်။

**"ဘွဲ့ နှင်းသဘင်ကြေး"**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့** | - | ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးရာကျပ်တိတိ) |
| **အဝေးရောက်ဘွဲ့** | - | ၁၀၀၀၀/-(ကျပ်တစ်သောင်းကျပ်တိတိ) |
| **လျှောက်လွှာ** | - | ၅-၁၂-၂၀၂၄ ရက်မှ |
| **တင်သွင်းရမည့်ရက်** | | ၁၅-၁၂-၂၀၂၄ ရက်ထိ (စနေနေ့၊ တနင်္ဂနွေနေ့ အပါအဝင်)၊ |

၂။ သတ်မှတ်ဘွဲ့ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ရယူဖြည့်စွက်ပြီး လွန်ခဲ့သော(၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ( ၂" x ၁ ၁/၂ " ) အရွယ် ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို မြင်းခြံတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှ ဘွဲ့လျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့နိုင်သည်။

၅။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများ သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်း အနားကို တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို သင်တန်းရေးရာဌာန၊ ဖုန်း- ၀၉-၇၇၈၈၈၇၄၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လှမျိုးအောင်**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မြင်းခြံတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(၅/ ပဒေသာ)၊ ဦးပိုင်အမှတ် (၄၄၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ရွှေရီသန်း ၁၁/စတန (နိုင်) ၀၆၄၄၂၂ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (AA/ မြနန္ဒာရပ်)၊ ဦးပိုင်အမှတ် (၁၀၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် အမည် ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်လှခင် ၉/ပဥလ(နိုင်)၀၀၅၇၇၃မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင် / မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင် ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/56090 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/66446 Honda Scoopy - 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ရွှေဝါထွန်းရောင်းဝယ်ရေး သမဝါယမအသင်း ကြေညာချက်

၁။ တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ အမြတ်ကို ပဓာနမထားဘဲ လူမှုစီးပွားရေးအဖြစ် ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက် လိုသည့်အသင်း၏ နယ်နိမိတ်အတွင်း နေထိုင်သူများအား အစု(၁)စုလျှင် ကျပ်-၁၀၀၀၀/-နှုန်းဖြင့် မိမိဆန္ဒအလျောက် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ်ကမ်းလှမ်းအပ်ပါသည်။

၂။ အသင်းသားဟောင်းများအနေဖြင့်လည်း သတ်မှတ် ထားသည့် အစုရှယ်ယာ ကျပ်-၁၀၀၀၀/- ပြည့်မီသည်အထိ လာရောက်ထည့်ဝင်ကြရန် နှိုးဆော်အပ်ပါသည်။

**(ဒါရိုက်တာအဖွဲ့)**

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ကျွန်တော်ဦးကောင်းမြတ် ၁၂/ဥကမ(နိုင်)၀၁၆၆၇၁ သည်

(1) UKM
(2) KMM
(3) KMK Purified Drinking Water အမည် လုပ်ငန်းအမှတ်တံဆိပ်ဖြင့် ရေသန့်ရောင်းချလုပ်ကိုင်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အမည်တူရှိပါက တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး အပ်ပါသည်။

**ဦးကောင်းမြတ်**
**၁၂/ဥကမ(နိုင်)၀၁၆၆၇၁**
**လိပ်စာ- ခ/၃၂၀၊ တုသီတာလမ်းတို၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း- ၀၉-၄၂၀၁၆၁၆၈၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ် (၄/၉၉) (၁၀)ရပ်ကွက်၊ သံလွင်လမ်းနေ ဦးကြည်ဦး ၁၂/ကမရ(နိုင်)၀၀၁၇၁၉ နှင့် ဒေါ်စိုးစိုးကြည် ၁၂/ကမရ(နိုင်)၀၃၃၀၇၈ တို့၏သား မောင်တင်အောင်ကြည် ၁၂/ကမရ(နိုင်)၀၆၃၇၅၀ သည် မိဘအုပ်ထိန်းသူများ၏ ပြောဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ ၎င်း၏စိတ်ဆန္ဒဖြင့် မိဘသဘောမတူသည် ကိစ္စရပ်များကို ပြုလုပ်နေပါသောကြောင့် ဖြစ်ပေါ်လာမည့် လူမှုရေးကိစ္စများ ငွေရေးကြေးရေး ကိစ္စများ၊ အခြားမမျှော်မှန်းနိုင်သောကိစ္စရပ်များ ပေါ်ပေါက်လာခဲ့လျှင် မည်သည့်ကိစ္စရပ်များကိုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ ကြောင်းနှင့် ယခုကြေညာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကြည်ဦး**
**၁၂/ကမရ(နိုင်)၀၀၁၇၁၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ် (၁၆က/၈)၊ ဦးပိုင်အမှတ် (၂၂၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ ဧကရှိမြေကွက်နှင့် ဦးပိုင်အမှတ်(၂၃၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက် (၂)ကွက်သည် ဒေါ်ကြည်ကြည်လွင် အမည်ဖြင့် ၆-၅-၂၀၁၄ ရက်အထိ(၁၅)နှစ် မြေငှားဂရန် အသီးသီးရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ကြည်ကြည်လွင်သည်ကွယ်လွန်သွားခဲ့ပြီး ဖြစ်၍ ခင်ပွန်းဦးမြင့်စိန်က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေ ဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၇-၁၀-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၇၆/၂၀၂၄)အရ ဦးပိုင်အမှတ်(၂၂၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ ဧကကို လည်းကောင်း၊ ၇-၁၀-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၇၇/၂၀၂၄)အရ ဦးပိုင်အမှတ် (၂၃၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကကို လည်းကောင်း ဒေါ်ဘာရ်ကက်ဂျန်ဘီ (ခ) ခင်စန်းအေး ၁/မကန(နိုင်)၀၀၂၇၅၇ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက် (၂)ကွက်အား ဒေါ်ဘာရ်ကက်ဂျန်ဘီ(ခ) ခင်စန်းအေး အမည်ဖြင့် (ဦးပိုင်ပေါင်း/ အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/87466 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းစိုး ၅/ခဥတ (နိုင်)၀၇၉၅၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/32954 Honda Scoopyi-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၉/မထလ(နိုင်)၃၃၀၂၆၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ဒေါ်အေးသီတာ ၈/မကန(နိုင်)၁၁၂၅၈၆ (ခေတ္တ-မလေးရှား) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်-

ကမန်လူမျိုး၊ စွန္နီအစ္စလာမ်ဘာသာဝင်များဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာနှင့် ဦးသိန်းဝင်း ၁၁/စတန(နိုင်)၀၂၇၆၄၉ တို့သည် အစ္စလာမ့် ထုံးတမ်းစဉ်လာအတိုင်း ၄-၄-၁၉၉၄ရက်တွင် နေကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြ ပြီး သားသမီး (၂)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေး သီတာနှင့် ဦးသိန်းဝင်းတို့ လက်ထပ်ပေါင်းသင်းခဲ့ကြရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ဘဲ နှစ်ဦးနှစ်ဖက်စလုံးအတွက် ကိုယ်စိတ်နှစ်ပါးချမ်းသာမှု မရရှိတော့သဖြင့် ၂၉-၉-၂၀၂၄ရက်တွင် ဦးသိန်းဝင်း ဘက်မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာအပေါ် မဟာမေဒင်ဥပဒေနှင့်အညီ သွလာဂ်တစ်ကြိမ်ပေးကာ မြွက်ဆိုကြေညာ၍ နှစ်ဖက်သဘောတူ ကွာရှင်း ပြတ်စဲခဲ့ကြပြီးဖြစ်သည့်အပြင် အဆိုပါရက်၌ပင် "ပစ္စည်းခွဲဝေခြင်းနှင့် သား/ သမီး အုပ်ထိန်းခွင့်ဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်" ချုပ်ဆို၍ ရွှေ့ပြောင်းနိုင်သော/ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို နှစ်ဦး နှစ်ဖက်သဘောတူညီချက်ဖြင့် အပြီးအပြတ်ခွဲဝေကာ ချုပ်ဆိုဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာနှင့် ဦးသိန်းဝင်းတို့ အပြီးအပြတ် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သော်လည်း ၎င်းတို့နှစ်ဦး၏ အိမ်ထောင်ရေးအခြေ အနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကွာရှင်းပြတ်စဲပြီးအခြေအနေနှင့် ပစ္စည်းခန်းခွဲဝေသည့် အခြေအနေအရပ်ရပ်တို့နှင့်ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာအပါအဝင် ၎င်း၏ မိဘ၊ မောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ အချို့သောလူပုဂ္ဂိုလ်များမှ အပုပ်ချ ပြောဆိုခြင်း၊ မမှန်သတင်းဖြန့်ဝေခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေ၏ပြောကြားချက်အရ သိရှိရပါသဖြင့် ထိုသို့ပြောဆိုနေသူ လူပုဂ္ဂိုလ်များအနေဖြင့် အထက်ဖော်ပြပါ မလျော်ကန်သောလုပ်ရပ်တို့အား ဆက်လက်ဆောင်ရွက်ခြင်းမပြုကြရန် သတိပေးတားမြစ်အပ်ပါသည်။

ထိုသို့ သတိပေးတားမြစ်ထားပါလျက် အဆိုပါလူပုဂ္ဂိုလ်များအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာနှင့်တကွ ၎င်း၏ မိဘ၊ မောင်နှမတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဆက်လက်ပြောဆိုဆောင်ရွက်ပါက ပြုလုပ်ပြောဆို ဆောင်ရွက်သူ မည်သူကိုမဆို တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးသီတာ ၈/မကန(နိုင်)၁၁၂၅၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LLB) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၆၂)**
**အမှတ် (၉၁)၊ ၄-လွှာ(ဘီ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၁၃၂၂၇၆**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က)ရပ်ကွက်၊ (က-၄)လမ်း၊ အမှတ်(၂၅၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၅-လွှာ(စတုတ္ထထပ်)၊ တိုက်ရှေ့မျက်နှာမူလျှင်- ညာဘက်၊ အကျယ်အဝန်း(၁၇ပေx၅၄ပေ) ရှိ ဆောက်လုပ်ဆဲ Lift ပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါကွန်ဒိုတိုက်ခန်းကို ၂၈-၁-၂၀၂၃ ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ဆောက်လုပ်ခြင်း သဘောတူစာချုပ်အရ ကန်ထရိုက်တာ အနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ Far Star Construction ကန်ထရိုက်တာဦးဝေယံကျော် ၁၂/ရပသ(နိုင်) ၀၅၈၀၆၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာသန်းစိန် ၆/သရခ(နိုင်) ၀၀၀၄၁၄ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်- ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ် (၁၂/၁က)၊ ဦးပိုင်အမှတ် (၅၄)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်သည် မူလက ဒေါ်ဂျာလုံအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ဂျာလုံနှင့် ခင်ပွန်း ဦးဉီဇော့တူး (၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ချွေးမ/သား/သမီးများဖြစ်သည့် ဒေါ်ဂျာဘူ၊ ဒေါ်လုအောင်၊ ဦးဘောမ်မိုင်(ခ)မိုင်းမိုင်၊ ဒေါ်ခါးတောမ်၊ ဦးဥဇော့လရိန်အောင်၊ ဦးနန်ထွန်း (၆)ဦးတို့က တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၆)ဦးအနက်မှ (၅)ဦးတို့က ၂၀-၁၂-၂၀၂၃ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၉၄/၂၀၂၃) အရ အဆိုပါမြေကွက်အား ဦးဥဇော့လရိန်အောင် ၁/မကန(နိုင်)၀၉၉၃၇၃ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ ပါသည်။ ယခုအခါ ဦးဥဇော့လရိန်အောင်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/28897 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/5317 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၁၄)နေ (ဘ) ဦးလွမ်းမင်းထိုက်၏သား မောင်ဇင်မင်းခန့်(ခ) မောင်မင်းရွှေရောင်ဇင် အား မောင်ဇင်ကိုကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်အမှန်

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ နယ်မြေ(၈)နေ (ဘ) ဦးပြေသာ၏သမီး ဒေါ်စိန်မေ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အမှန်မှာ ၁/မကန(နိုင်) ၃၀၀၇၂၅ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁၁)၊ ရွှေညောင်ပင်ကျောင်း ၊ Grade-9(B) မှ မောင်ပြည့်နိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁-၂၀၀၉ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးခင်ယုံး ၁၃/ကမန(နိုင်) ၀၀၈၃၃၃ ဖြစ်ပါသည်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၃)၊ ဦးပိုင်အမှတ် (၂၁၁/ဃ+၂၁၁/င)၊ မြေဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိ မြေကွက်သည် ဦးတက်တိုး ၁/မကန(နိုင်)၁၀၅၈၇၇ အမည်ဖြင့် မြို့မြေခွန် ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးတက်တိုးအမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 23W/54738 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် HH/2754 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဒေါ်စန္ဒာဝင်း(ခ)ရှောက်ယွင် ၁၃/ လရန(နိုင်)၁၄၆၉၀၄ (ဘ)ဦးဇော်ဝင်း(ခ)ဦးဇော်လှိုင်စိုးနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၀၉)၊ ၇၅လမ်း ၊ ၃၆ ၃၇ကြား၊ စကြာနွယ်စဉ်ရပ် နေထိုင်သူ (ဘ)ဟာဂျီဦးခင်မောင်မြင့်၏သား ဦးဇေယျာလင်း ၉/မဟမ(နိုင်)၀၀၉၃၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးဇေယျာလင်းက ဒေါ်စန္ဒာဝင်း (ခ) ရှောက်ယွင်အား အစ္စလာမ်ဘာသာဝင်များလိုက်နာသည့် ရှရီရတ်တရားတော်၊ အစ္စလာမ်တရား ဥပဒေ (မဟာမေဒင် Law၊ ပုဒ်မ-၃၁၁)၊ စွန်နီဥပဒေနှင့်အညီ ၁၄-၁၁-၂၀၂၄ ရက်တွင် တရားဝင် (၃)တွလာက် (Talak) ပေးခဲ့ပြီးဖြစ်၍ ဦးဇေယျာလင်းနှင့် ဒေါ်စန္ဒာဝင်း (ခ) ရှောက်ယွင်တို့သည် လင်ခန်း၊ မယားခန်း ပြတ်စဲပြီးဖြစ်သောကြောင့် ဒေါ်စန္ဒာဝင်း(ခ)ရှောက်ယွင်သည် ဦးဇေယျာလင်း၏ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်များ၊ လူမှုရေး၊ အမွေဆက်ခံရေးတို့နှင့် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိပါကြောင်း ဒေါ်စန္ဒာဝင်း(ခ)ရှောက်ယွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာလင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၅)**
**ဖုန်း-၀၉-၂၅၃၁၀၆၅၆၃၊ ၀၉-၇၈၄၀၀၂၅၅၃**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁ဃ)၊ ဦးပိုင်အမှတ် (၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်အေး၊ မောင်လင်းကျော်အောင် (၂)ဦးအမည်ဖြင့် ၁၈-၉-၂၀၁၆ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ခင်အေးပါ (၂)ဦးက ၆-၅-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၄၂/၂၀၂၄) အရ အဆိုပါမြေကွက်အား ဦးစိုင်းကျော်တီထံသို့ လည်းကောင်း၊ ဦးစိုင်းကျော်တီက ၉-၁၀-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၈၀/၂၀၂၄)အရ ဒေါ်ဝေဝေအောင် ၅/စကန(နိုင်)၂၀၈၄၁၀ ထံသို့လည်းကောင်း အဆင့်ဆင့် အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဝေဝေအောင် အမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ်(၃၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေကွက်သည် မူလက ဦးအက်စ်လာနောင်၊ ဒေါ်ဘောမ်ဆွမ့်(၂)ဦး အမည်ဖြင့် ၃၀-၁၁-၂၀၄၄ ရက် အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ဂရန်ရှင် ဦးအက်စ်လာနောင်ပါ(၂)ဦးတို့က ၁၉-၈-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၈၅/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်သဉ္ဇာကျော်၁/မကန(နိုင်)၁၃၃၆၃၂ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သဉ္ဇာကျော် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၃-ခ)၊ ဦးပိုင်အမှတ် (၆၈-ဈ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်သည် မူလက ဒေါ်ရီရီဝင်း အမည်ဖြင့် ၁၃-၁၂-၂၀၁၆ ရက်အထိ (၁၅)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ရီရီဝင်းက ၁၇-၆-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၁၃/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်ဝင်းဝင်း ၉/မရမ (နိုင်)၀၅၅၃၆၅ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဝင်းဝင်း အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်မေဆန်းငြိမ်း ၁/မကန(နိုင်)၂၀၉၀၇၂ ၏ ပတ်စ်ပို့နံပါတ် (MD-286965) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၇၇၃၂၂

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါန်ဒင့် ၁/မကန(နိုင်)၂၅၀၆၅၉၏ ပတ်စ်ပို့နံပါတ် (MF-924855) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၁၂၆၃၅၃၃

## ဦးထွန်းလင်းအောင်(ခ)အားချိုက်နှင့် အများသိစေရန်ကြော်ငြာချက်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်ကြည်ကြည်အေး(ခ)စိုးစိုးဝင်း(ဘ)ဦးချန်စိန် ၁/မကန(နိုင်)၀၈၉၄၀၄၊ ခတ်ချိုအောက်ပိုင်း၊ ပိုင်းမော်မြို့၊ ကချင်ပြည်နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်–

ကျွန်ုပ်အမှုသည်၏ခင်ပွန်းဖြစ်သူ ဦးထွန်းလင်းအောင်(ခ)အားချိုက်သည် မြန်မာ့အလင်းသတင်းစာတွင် ၁၂-၁၀-၂၀၂၄ ရက်စွဲဖြင့် " နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာချက်" ဆိုသည့် ကြော်ငြာချက်နှင့်ပတ်သက်၍ တရားရုံးတစ်ရုံးရုံး၏ အမိန့်တစ်စုံတစ်ရာကိုလည်းကောင်း၊ ကျွန်ုပ်အမှုသည်နှင့် ကွာရှင်းပြတ်စဲခဲ့သည့် ကွာရှင်းစာချုပ်တစ်စုံတစ်ရာကိုသော်လည်းကောင်း သက်ဆိုင်ရာ ရပ်မိရပ်ဖနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့သည့် စာချုပ်စာတမ်း အထောက်အထားတစ်စုံတစ်ရာရယူထားခြင်း၊ ပြုလုပ်ထားခြင်းမရှိဘဲ ဦးထွန်းလင်းအောင်(ခ)အားချိုက်မှ ၎င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် မမှန်မကန်ကြေညာခဲ့ကြောင်း ကျွန်ုပ်အမှုသည်မှ တင်ပြလာသည့်အတွက် ထိုသို့ကြေညာခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း သင်ကြေညာခဲ့သည့် ၁၂-၁၀-၂၀၂၄ ရက်စွဲပါ သတင်းစာ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည့်အချိန်ထိ ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခဲ့ခြင်းမရှိပါက သင့်အား ကျွန်ုပ်အမှုသည်မှ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ကြည်ကြည်အေး(ခ)စိုးစိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နွယ်ထွန်း (BA.Law, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၃၈၁၃)**
**အမှတ်(၆၄) မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း – ၀၉-၄၃၁၃၈၁၈၅**

## အများသိရှိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ် (၂၇/က-၁) မှ ခွဲထွက်ဧရိယာ(၅၀x၄၀)ပေရှိ ခြံမြေကွက်ကို ဒေါ်ချာဆီးနူ၏သားသမီးများရှေ့ရေးအတွက် ရည်ရွယ်ပြီးပေးခဲ့ရာ အဆိုပါ ခြံမြေကွက်အား ဒေါ်ချာဆီးနူ၏ခင်ပွန်းဖြစ်သူ ဦးစိုးပြည့်စုံ ၅/ခဥန(နိုင်)၀၉၀၄၁၂ မှ အခြားသူများအား ပေါင်နှံပြီးအလွဲသုံးစား အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အတွက် ဒေါ်စောနန်းနွယ်မှ ဒေါ်ချာဆီးနူ၏သားသမီးများအတွက် ပေးခဲ့သည့် ခြံမြေကွက် အရောင်းအဝယ်စာချုပ်သည် ပျက်ပြယ်ပြီဖြစ်ကြောင်းနှင့် အဆိုပါ ခြံမြေ ကွက်ကိုလည်း ဒေါ်စောနန်းနွယ်မှ ပြန်လည်သိမ်းယူပြီးဖြစ်သည့်အတွက် ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စောနန်းနွယ်** | **ဦးမြင့်ထူး (LL.B)** |
| **၁/မကန(နိုင်)၀၀၀၆၀၃** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၄၉၅၈) (၁၃-၁၁-၂၀၁၈)** |
| | **အမှတ်(၇/၄၀၈- အီး)၊ ပမ္မတီးရပ်ကွက်၊** |
| | **မြစ်ကြီးနားမြို့၊** |
| | **ဖုန်း-၀၉-၆၈၂၇၅၀၀၅၈** |

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၂)၊ ဦးပိုင်အမှတ် (၁၂၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၄ဧကရှိမြေကွက်သည် မူလက ဒေါ်သန်းသန်းဌေးအမည်ဖြင့် ၂၃-၅-၂၀၄၈ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်သန်းသန်းဌေးက ၂၅-၉-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၅၈/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးဇော်ဆိုင်း ၁/မကတ(နိုင်)၀၈၄၇၉၂ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဇော်ဆိုင်း အမည်ဖြင့်(အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၁-၂)၊ ဦးပိုင်အမှတ် (၁၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဦးစန်းရှိန် အမည်ဖြင့် ၆-၁၀-၂၀၅၃ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးစိန်းရှိန် က ၂၅-၉-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၅၉/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးဇော်ဆိုင်း ၁/မကတ(နိုင်)၀၈၄၇၉၂ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဇော်ဆိုင်း အမည်ဖြင့်(အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ် (၁၂/၁က)၊ ဦးပိုင်အမှတ် (၇၄)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်သည် မူလက ဦးဦးဖျစ်တူး အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဦးဖျစ်တူးနှင့် ဇနီးဒေါ်ဂျာလုံ(၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ချွေးမ/သား/သမီးများဖြစ်သည့်ဒေါ်ဂျာဘူ၊ ဒေါ်လုအောင်၊ ဦးဘောမ်မိုင် (ခ)မိုင်းမိုင်၊ ဒေါ်ခါးတောမ်၊ ဦးဥဖျစ်လရိန်အောင်၊ ဦးနန်ထွန်း(၆)ဦးတို့က တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၆)ဦးအနက်မှ(၅)ဦးတို့က (၂၀-၁၂-၂၀၂၃) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၉၃/၂၀၂၃) အရ အဆိုပါမြေကွက်အား ဦးဥဖျစ်လရိန်အောင် ၁/မကန(နိုင်)၀၉၉၃၇၃ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးဥဖျစ်လရိန်အောင်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၃-၂)၊ ဦးပိုင်အမှတ် (၁၄)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ကေရှိမြေကွက်သည် မူလက ဒေါ်ချိုချို့အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ချိုချို(အပျိုဘဝဖြင့်ကွယ်လွန်)၊ မိခင် ဒေါ်တင်အေးနှင့် ဖခင်ဦးညဏ်(၃)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဂရန်ရှင်၏အစ်ကို/ညီမများ ဖြစ်သည့် ဦးကျော်ဆွေ၊ ဦးတင်နွယ်(ခ)ဦးတင့်စိုးအေး၊ ဦးအောင်ခိုင်၊ ဒေါ်ထားထားအေး(၄)ဦးက တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၄)ဦးအနက်မှ (၃)ဦးတို့က ၁၄-၅-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၅၁/၂၀၂၄)အရ အမွေဆိုင်မြေကွက်အား ဒေါ်ထားထားအေး ၁/မကန(နိုင်)၀၃၁၃၈၅ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ထားထားအေး အမည်ဖြင့် (အမည်ပြောင်း)မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၄၂/၁)၊ ဦးပိုင်အမှတ်(၃၉/၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဒေါ်မော်မော်ဝင်း အမည်ဖြင့်(၂၇-၇-၂၀၄၇) ရက်အထိ နှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်မော်မော်ဝင်းနှင့်ခင်ပွန်း ဦးကျော်အေး (၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သားသမီးများဖြစ်သည့် ဦးကျော်ကျော်ဝင်း၊ ဒေါ်အေးမြင့်မော်၊ ဦးအောင်ကျော်ကျော်(၃)ဦးက တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၃)ဦးအနက်(၂)ဦးတို့က၂၀-၉-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၃၅/၂၀၂၄) အရ မူလမြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအနက်မှ ၀ ဒသမ ၀၃၆ ဧကကို ဦးပိုင်ခွဲစိတ်၍ ဦးကျော်ကျော်ဝင်း ၁/မကန(နိုင်)၂၀၃၇၃၆ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးကျော်ကျော်ဝင်း အမည်ဖြင့် (ဦးပိုင်ခွဲ/အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁-၂)၊ ဦးပိုင်အမှတ် (၅၀)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဒေါ်သိန်းမြ၊ ဒေါ်ခင်မြမူ(၂)ဦး အမည်ဖြင့် (၇-၇-၂၀၅၃) ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်သိန်းမြပါ(၂)ဦး (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသက်ပိုင်ထူး)က ၂၁-၈-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၃၉၃/၂၀၂၄)အရ မူလမြေဧရိယာ ၀ ဒသမ ၁၈၄ ကေအနက်မှ မြောက်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၀၇၃ ကေအား ဦးပိုင်ခွဲစိတ်၍ ဦးခေါင်ဇယ် ၁/ဝမန(နိုင်)၀၁၂၁၆၅၂၊ ဒေါ်မြင့်ခေါင် ၁/ဝမန(နိုင်) ၀၈၈၀၄၈ (၂)ဦး ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးခေါင်ဇယ်ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လေ ၁၂၀၄ ဗိုလ်မှူးချုပ် မောင်ဆက် (ငြိမ်း)
## သံအမတ်ကြီး (ငြိမ်း)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးသီး-ဒေါ်မြတ်သင်)တို့၏သား၊ (ဦးစိန်ဝင်း-ဒေါ်အုန်းတင်)တို့၏သားမက်၊ ဒေါ်တင်အေးဝင်း၏ခင်ပွန်း၊ ဦးအေးလွင်-ဒေါ်သီတာဆက်၊ ဒေါ်စန္ဒာဆက်၊ ဒေါက်တာအောင်ကျော်ဆက် တို့၏ဖခင်၊ မအေးခိုင်ဆက်၊ မောင်ပြည့်ကောင်းဆက် တို့၏အဘိုး၊ (ဦးမောင်မောင်မြင့်)-ဒေါ်တင်တင်မြင့်၊ (ဦးအုံးကျော်)-ဒေါ်ကြည်ကြည်သိန်း၊ ဒေါ်သန်းသန်းနု၊ ဦးဝေလင်း-ဒေါ်ဒီဘိုရာချစ်မောင်တို့၏ညီ/အစ်ကို ဗိုလ်မှူးချုပ်မောင်ဆက်(ငြိမ်း) သံအမတ်ကြီး(ငြိမ်း)သည် ၃၀-၁၁-၂၀၂၄ရက် (စနေနေ့)နံနက် ၁၁:၂၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၄-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၄ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ရက်လည် ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်လွင် (ခ) ဦးကျော်မြင့်
## တပ်မတော်တပ်ထိန်း (ငြိမ်း)
## အသက်(၉၉)နှစ်

ရန်ကုန်မြို့နေ (ဦးစံဖေ-ဒေါ်ငြိမ်း)တို့၏သား၊ (ဒေါ်ရင်ရင်ကြည်)၊ ဒေါ်လှလှဝင်း တို့၏ ခင်ပွန်း၊ (ဦးခင်မောင်)၊ (ဦးတင်အောင်)၊ (ဒေါ်ခင်သောင်း)၊ (ဒေါ်မြစိန်) တို့၏ ညီ/မောင်၊ (ဒေါ်ခင်မြင့်)၊ (ဦးဖိုးထင်)၊ (ဒေါ်ဝါး)၊ ဦးတင်ထွန်း၊ ဒေါ်ခင်လေးညိုတို့၏အစ်ကို၊ ဒေါ်ဥမ္မာမြင့် လွင်၊ ဒေါ်မိုးစန္ဒာလွင်-ဦးဘုန်းမြင့်ဦး၊ ဒေါ်နှင်းသီရိလွင်၊ (ဦးသန်းထွဋ်ဦး)၊ (မောင်ကျော် ဇေယျာလွင်)တို့၏ဖခင်ကြီး၊ မောင်အောင်ဘုန်းမြတ်မင်း-မသန္တာမောင်၊ မစုယမင်း-Mr John Byrne၊ မောင်သူရညီမြင်း-မထက်ထက်ပိုး၌၊ မဝတီချမ်းမြေ့ဦး၊ မမြဖူးငုံဦးတို့၏ဘိုးဘိုး၊ မမေဝဿန်မင်း၊ မောင်ဗညားဘုန်း မြတ်မင်း၊ မရွှန်းသက်လျှာအောင်တို့၏ဘိုးဘိုးကြီး သည် ၃၀-၁၁-၂၀၂၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၂-၁၂-၂၀၂၄ရက် ညနေ ၅:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ) အလက(၁) Grade-11 မှ (ဘ) ဦးဖေသိန်း ၁၁/စတန(နိုင်)၀၆၂ ၁၁၅ ၏ သားဖြစ်သူ မောင်ထက်ပိုင်ဦး ၏ အမည်မှန်မှာ မောင်ထက်ဝေယံလင်း ဖြစ်ပါ ကြောင်း။

**မောင်ထက်ဝေယံလင်း**

## Passport ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနေ (ဘ) ဦးအာရိ(ဖ်) ၏သား ဦးမြင့်အောင် ၁၂/ ဗဟန(နိုင်)၀၈၀၇၈၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-513311 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ဖုန်း- ၀၉- ၄၂၈၆၃၅၅၂၇ သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

## ပတ်စ်ပို့ပျောက်

ဦးမြင့်စိုး ၏သမီး မငယ်ငယ်ထွန်း ၁၂/ဥကတ(နိုင်) ၁၈၉၅၄၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် MH-500669မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၅၄၉၃၄၈၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/28565 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းထူး ၅/ရဘန (နိုင်)၁၄၂၂၈၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရွှေဘို)ရွှေဘိုမြို့**

## သွေးသည် အသက်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်မေ
## OiAC ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ
## အသက်(၉၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကမ္မမြို့၊ မြဝတီရပ်နေ ဦးဟန်မောင်၏ ဇနီး၊ ဦးကြည်လင်းဟန်-ဒေါ်ခိုင်ခိုင်ဦး၊ ဦးခင်မောင်ကို-ဒေါ်မာမာငွေး၊ ဦးရဲလင်း-ဒေါ်အိအိခင်တို့၏ မွေးသမိခင်၊ မောင်ဟိန်းထက်အောင်-မချိုသံသာ၊ မောင်သူရကိုကို၊ မောင်ပြည်ဖြိုးကိုကို-မဝင်း နန္ဒာလင်း၊ မောင်မျိုးမြတ်ကိုကို-မစည်စည်အင်ကြင်း၊ မောင်ကောင်းမြတ်ကိုကို၊ မောင်မြင့်မြတ်ကိုကို-မဆုပြည့်ကောင်း၊ မောင်ထူးအောင်ကိုကို၊ မောင်သုတကိုကို၊ မသီရိကိုကို၊ မောင်ဘုန်းသန့်ကိုကို၊ မောင်ဟန်သာရဲလင်း၊ မောင်တည်ကြည်ရဲလင်း၊ မြစ် နှစ်ယောက်တို့၏ အဘွား ဒေါ်ခင်မေသည် ၃၀-၁၁-၂၀၂၄(စနေနေ့) ည ၉:၁၈ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၁၂-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၂-၂၀၂၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်-1-A/14 မြသီတာအိမ်ရာ၊ သူရလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၅၀၊ ဦးပိုင်အမှတ် ၃၉၊ ၃၇Aလမ်း၊ ၇၆ x ၇၇လမ်းကြား ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်နု ၉/မရတ(နိုင်) ၁၀၉၁၄၇ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၃၊ ဦးပိုင်အမှတ် (၈၇/ခဲစင်း)၅၇ x ၅၈လမ်းကြား၊ ၁၀၅ x ၁၀၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း ၏(SP ရရှိသူ ဒေါ်တင်တင်ငွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၉၂၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးသူရစိုးမိုး ၉/အမဇ(နိုင်)၀၃၂၁၁၁၏ (SP ရရှိသူ ဒေါ်ခိုင်တင်ဇာစောလွင်)က ဦးပိုင်ခွဲမိန့်နှင့်အတူ အမှုတွဲအမှတ်(၅၁၄၀/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း ဦးပိုင်ခွဲ၊ သက်တမ်းတိုးအမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊
### ဒီဃနိကာယပါဠိပါရဂူ၊ Ph.D
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
### ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ
## ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေပုလ္လမဟာထေရ်
### သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ Ph.D၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝေပုလ္လ မဟာထေရ် သည်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်) ၃၀-၁၁-၂၀၂၄ရက် (စနေနေ့)ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၈ ရက်) ၈-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း တပည့်သံဃာတော်များ နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**မှတ်ချက်-**

(၄/၅/၆-၁၂-၂၀၂၄)ရက် နေ့စဉ် ညနေ ၆နာရီအချိန်တွင် ဓမ္မကထိကဆရာတော်များက မွန် + မြန်မာ နှစ်ဘာသာဖြင့် တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ တရားတော်နာကြွကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကျင်းပရေးကော်မတီ**

## ဒေါ်ချိုချိုဦး
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### ဟိုတယ်/ခရီး
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ် (ဘီ/၁၁၊ မြေညီထပ်)နေ (ဦးတင်ဦး-ဒေါ်မေမေရင်) တို့၏သမီးကြီး၊ ဦးအေးဝင်း၏ ချစ်လှစွာသောဇနီး၊ (ဦးသက်ထွန်းဦး)-ဒေါ်ခင်စန်းယဉ် တို့၏ညီမ၊ ဦးဇော်မင်းဦး၊ ဦးထွန်းထွန်း-ဒေါ်ချိုနွယ်ဦး၊ (ဦးခင်မောင်ကြီး)-ဒေါ်ထိုက်နွယ်ဦး တို့၏အစ်မ၊ ဦး သက်မင်းထွဋ်-မနှင်းနွယ်နွယ်ဝင်း၊ မဝင်းလဲ့ယုဖြိုး၊ မဆွေရည်နွယ် တို့၏ ချစ်လှစွာသောမိခင်၊ မောင်သစ္စာထွဋ် ၏အဘွား ဒေါ်ချိုချိုဦးသည် ၃၀-၁၁-၂၀၂၄ရက် (စနေနေ့) ညနေ ၆:၃၆ နာရီတွင် ဝိတိုရိယဆေးရုံ၌ ဇွဲပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၂၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန် ၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၄ရက်(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ် ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄) ရပ်ကွက်၊ မန္တလေးလမ်းနေ ဦးလွင်ဌေးဦး ၇/ညလပ(နိုင်)၀၈၅၅၆၁၊ ဒေါ်သန်းသန်းဌေး ၇/ညလပ(နိုင်)၁၂၁၅၄၄ တို့၏သမီး မစိမ်းဝါဝါနှင်းအောင် ၇/ညလပ(နိုင်) ၁၁၅၂၃၆ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် နောက်နောင်တွင် ၎င်း၏ကိစ္စများနှင့် ပတ်သက်၍ မိဘများနှင့် လုံးဝ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးလွင်ဌေးဦး-ဒေါ်သန်းသန်းဌေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၇၈၊ ဦးပိုင်အမှတ် ၄၈-ခဲစင်း၊ ၃၅ x ၅၇လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးယဉ် ၅/မရန(နိုင်) ၀၁၁၀၂၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ဦး ၈/ခမန(နိုင်)၀၄၆၅၀၀ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီး ကျေးရွာ၊ ကွင်း/ အကွက်အမှတ်(၆၅၉-ခ/ခတ် တော်ချိုင့်)၊ဦးပိုင်အမှတ်(၂၂/၂၃)၊ မြေဧရိယာ ၄.၁၉ ဧကအတွင်းမှ ခွဲထွက်၍ မြေကွက်အမှတ်(A-11)၊ ပေအကျယ် (၆၀ x ၈၀)ပေ ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုပ်ပိုင်ခွင့်အရပ်ရပ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်မိုးပွင့်ဖြူ ၁၂/ဗဟန(နိုင်)၀၉၄၁၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဦးနိုင်ရဲသွင် ၁၂/ကမရ(နိုင်)၀၅၈၇၂၇၊ ၂။ ဒေါ်အင်ကြင်းသူ(ခ)မိုးသိင်္ဂီခင် ၁၂/ဒဂမ(နိုင်)၀၂၂၈၅၃ တို့က ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်းအထောက်အထားမူရင်းများနှင့် တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၇၇၁)**
**အမှတ်(၃၁၇)၊ ရောဝတီလမ်း၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၂၆၁၂၃၅**

## ဦးညာနေစေကရန်(ခ)အောင်ထွန်း
### (ရွှေဘုံသာဆေးဆိုင်)
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်-၃၃၄/ ၃၃၆နေ (ဦး RP ဆွာမိ-ဒေါ်လပ်ချ်မီအမာလ်)-(ဒေါ်ရာမာရမ္မလ်)တို့၏ သား၊ ဦးဝါဆူ(ခ)စိန်ဝင်း၊ ဦးဆောင်ဒရာချ်(ခ)မောင်မောင်၊ (ဒေါ်စူကနာ (ခ) နုနုရီ)၊ (ဦးဆေလ်ဝန်မ်(ခ)မောင်မောင်လေး)၊ ဦးဂနေဆင်(ခ) ချစ်မောင် တို့၏ ညီ/မောင်၊ ဒေါ်ဂီသာ၊ ဒေါ်နီရှုမာလာဒေဝီ(ခ) သန်းသန်းမြင့်၊ (ဦးမာသာဘမ်(ခ)ချစ်စိန်)တို့၏အစ်ကို၊ တိုက်ဟောင်း (၅)၊ အခန်း(၂၄)၊ စံပြဖဆပလရပ်ကွက်နေ ဒေါ်ဘီပတ်သမား(ခ)စုစုအေး ၏ခင်ပွန်း၊ မောင် Suresh(ခ)မင်းမင်းခန့်(G.E.D , Dip)၏ဖခင်၊ တူ၊တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၂၇-၁၁-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးထွန်းဇော်လင်း(ဦးထွန်းထွန်း)
## အသက်(၅၄)နှစ်

ဦးတင်အေး-ဒေါ်အေးအေးကြူတို့၏သားကြီး၊ ဒေါ်ဇာခြည် ထွေး၏ခင်ပွန်းဖြစ်သူ ဦးထွန်းဇော်လင်း(ဦးထွန်းထွန်း)သည် ၂၆-၁၁-၂၀၂၄ရက် နံနက် ၁:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၂၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂-၁၂-၂၀၂၄ရက် နံနက် ၉နာရီတွင် အမှတ်(C-113)၊ မုဒိတာအိမ်ရာ(၁)၊ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးအလှူ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-ဆဆ-၁၃၊ ဦးပိုင်အမှတ် ၅၁/၄၆ x ၄၇ကြား၊ ၁၀၆ x ၁၀၇ကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၈၃၅၃/၉၃-၉၄) ဦးဘိုအေး CG-၀၀၈၀၁၂ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်မြင့်မြင့်အေး ၁၃/ဟပန(နိုင်) ၀၃၃၃၉၂ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက် အမှတ် န-၄၊ ဦးပိုင်အမှတ် ၇၃၊ ၆၃လမ်း၊ ၄၁ x ၄၂လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းကြည် ၁၃/ကခန(နိုင်) ၀၃၈၆၅၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၉၆/၂၀၁၇)ဖြင့်လွှဲအပ်ခြင်း ခံရသူ ဒေါ်ယဉ်ယဉ်မေ ၁၃/တကန(နိုင်)၁၈၉၈၀၄ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

- ❖ **စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**
- ❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်မည့် ၂၀၂၇ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာ ၉ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ရာတွင် Pot–1 ၌ ဆီးရီးယား၊ ထိုင်း၊ လက်ဘနွန်၊ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ Pot–2 ၌ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ ဟောင်ကောင်၊ ယီမင်၊

*စာမျက်နှာ ၁၈ ကော်လံ ၅ ❍*



ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။

## ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ် အားကောင်းသော မုန်တိုင်းငယ်အဖြစ် အားလျော့သွား

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂယ်လ် (FENGAL) သည် အနောက်–အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်ခဲ့ကာ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက် –အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ယခုသတင်းသည် ဆိုင်ကလုန်းမုန်တိုင်းငယ် ဖန်ဂယ်လ်အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်ပါသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကြံခင်းမြို့၏ အနောက် – အနောက်မြောက်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ

## Asean Cup ပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် စီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၈ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၄ Asean Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် Asean Cup ပြိုင်ပွဲအတွက် နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လည်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားကာ နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်လျက်ရှိသည်။

*စာမျက်နှာ ၁၆ ကော်လံ ၄ ✳*

## မတူညီသည့် ကစားသမားငါးဦး၏ သွင်းဂိုးများဖြင့် အာဆင်နယ် ဝက်စ်ဟမ်းကို ဂိုးပြတ်အနိုင်ရ



အာဆင်နယ်ဗဟိုခံစစ်ကစားသမား ဂါဘရီရယ် ဝက်စ်ဟမ်းအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၁၃) မှ ဒီဇင်ဘာ ၁ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် အာဆင်နယ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက ငါးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ အပြန်အလှန် သွင်းဂိုးများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး နှစ်ဖက်သွင်းဂိုးပေါင်း ခုနစ်ဂိုးရှိခဲ့သည်။ ယင်းသွင်းဂိုးများမှာ ပထမပိုင်း

*စာမျက်နှာ ၁၆ ကော်လံ ၁ ❂*

**ယနေ့ ဖတ် စ ရာ**

**တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၆